# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း (၆)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (19-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၁၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

**နေပြည်တော် ဩဂုတ် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်အပြီးတွင် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် ဆက်လက်သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်နိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်၊ ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ဘယ်လာရုစ်အစိုးရပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတအနေဖြင့် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးနှင့် စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာဆွေးနွေးသွားမည်ဖြစ်သည်။ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မင့်စ်မြို့၌ မြန်မာသံရုံးဖွင့်လှစ်ခြင်းအခမ်းအနားနှင့် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်တို့သို့လည်း တက်ရောက်သွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

(သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲကျင်းပမည့်

စာမျက်နှာ ၁၆ ကော်လံ ၁



**ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးစဉ်။



## သူရဲဈေး-တောင်ပြုံး ရထားလမ်းပိုင်းတွင် မီးရထားခရီးစဉ် စတင်ပြေးဆွဲ

**မန္တလေး ဩဂုတ် ၁၈**

သူရဲဈေး-တောင်ပြုံး ရထားခရီးစဉ်၌ ရိုးရိုးတန်း ခြောက်တွဲ၊ ဘရိတ်နှစ်တွဲ စုစုပေါင်းရှစ်တွဲဖြင့် နေ့စဉ်သူရဲဈေးဘူတာမှ တောင်ပြုံးဘူတာသို့ နံနက် ၇ နာရီနှင့် မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း တောင်ပြုံးဘူတာမှ သူရဲဈေးဘူတာသို့ နံနက် ၉ နာရီနှင့် ညနေ ၄ နာရီ ၁၅ မိနစ်တို့တွင်လည်းကောင်း ထွက်ခွာပြေးဆွဲပေးသွားမည်ဖြစ်ပြီး လက်မှတ်တစ်စောင် ငွေကျပ် ၁၀၀၀ နှုန်း သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါသူရဲဈေး-တောင်ပြုံး မီးရထားခရီးစဉ်စတင်ပြေးဆွဲခြင်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက သူရဲဈေးဘူတာစကြံတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော် အခွင့်အရေးကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊

စာမျက်နှာ ၂၇ ကော်လံ ၄ ❖

ရတနာပုံ

၂၀၂၆ ခုနှစ် ဩဂုတ် ၁၉ ရက်

အယ်ဒီတာ့အာဘော်

# မြန်မာ-ရုရှားနှစ်နိုင်ငံအကျိုးစီးပွားအတွက် အရေးပါသောခရီးစဉ်

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားအတွက် အိမ်နီးချင်းများ၊ မိတ်ဖက်နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုကောင်းမွန်တိုးတက်စေရေးကို အစဉ်တက်ကြွစွာဖော်ဆောင်လျက်ရှိသည်။ ယခုအခါတွင်လည်း နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကျိုးစီးပွားအတွက် အရေးပါသည့် ခရီးစဉ်တစ်ရပ်ပင်ဖြစ်သည်။

ရုရှားနိုင်ငံသည် ကမ္ဘာ့မြောက်ခြမ်းတွင် အရှေ့နှင့်အနောက်ကို ရှည်လျားစွာတည်ရှိပြီး အရှေ့တွင် အာရှဒေသမှ အနောက်ဘက်ဥရောပဒေသအထိ ကျယ်ပြန့်စွာရှိနေသည့် မဟာအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာ- ရုရှားနှစ်နိုင်ငံသည် ပထဝီအနေအထားအရ မိုင်ပေါင်း ၄၀၀၀ ကျော် ဝေးကွာနေသော်လည်း ယနေ့မျက်မှောက်ကာလတွင် နှစ်နိုင်ငံကြားဆက်ဆံရေးမှာ မဟာဗျူဟာမိတ်ဖက်အဆင့်အတန်းဖြင့် ညီအစ်ကိုရင်းများသဖွယ် ချစ်ခင်ရင်းနှီးစွာဖြင့် တည်တံ့လျက်ရှိသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည်။

လက်ရှိတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာလာရာ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်။ ထိုသို့ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည့် နိုင်ငံတော်သမ္မတအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့ခေါင်းဆောင်များကိုကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

မြန်မာနှင့် ရုရှားနိုင်ငံတို့သည် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ကြပြီး ဆယ်စုနှစ်များစွာအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည်။ ယခုခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ရုရှားနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားနိုင်ငံဝန်ကြီးချုပ်၊ ရုရှားနိုင်ငံ ဒူးမားလွှတ်တော် ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားအစိုးရပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံကာ မြန်မာ-ရုရှား နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေး ကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေး ဆွေးနွေးသွားမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာ-ရုရှား စီးပွားရေးဖိုရမ်သို့တက်ရောက်၍ ထိုဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များကြား ဆက်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပိုမို ဖော်ဆောင်နိုင်ရေး ဆွေးနွေးသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတကြီး၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ-ရုရှား နှစ်နိုင်ငံကြား ရှိရင်းစွဲဆက်ဆံရေးကို ပိုမိုခိုင်မာစေပြီး နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းစွာ ဖော်ဆောင်နိုင်မည့် ခရီးစဉ်တစ်ခုပင်ဖြစ်ပါကြောင်း ဝမ်းမြောက်ဂုဏ်ယူစွာ ရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ



**မန္တလေး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးကိုယ်စား အလယ်တန်းပြ ဆရာမဒေါ်မေအေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင် ဦးစီးကာ အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်းရှိ Grade-11 ကျောင်းသား မောင်ညီမင်းထွေးက "လူငယ်နှင့်စာဖတ်ခြင်း"၊ Grade-10 ကျောင်းသား မောင်လင်းမြတ်ဦးက "လူငယ်နှင့်နည်းပညာ"၊ Grade-10 ကျောင်းသား မောင်စွမ်းထက်အောင်က "လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး"၊ Grade-10 ကျောင်းသူ မသွယ်ဦးဇင်က "လူငယ်နှင့်ကျန်းမာရေး"၊ Grade- 10 ကျောင်းသူမခင်မြတ်နိုးက "လူငယ်နှင့် အားလပ်ချိန်" စသည့်ခေါင်းစဉ်ငါးရပ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးခဲ့သည့် ခေါင်းစဉ်ရပ်များမှ သိရှိလိုသည့် အကြောင်းအရာများကိုမေးမြန်းရာ ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က ပြန်လည် ဖြေကြားခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးရံ့ခြောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးရံ့ခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးရံ့ခြောက်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချခဲ့ရပြီး ဇူလိုင်လအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းနေခြင်းကြောင့် တင်ပို့မှုကောင်းလာခြင်း ဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ ငါးခြောက်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေပါတယ်'' ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးရံ့ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ မှ ၁၅၅၀၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်ဆည်မြို့နယ် မုန့်ပေါင်း-သပြေကုန်း-တောတွင်ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကျောက်ဆည် ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် မုန့်ပေါင်း-သပြေကုန်း -တောတွင်ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက မုန့်ပေါင်း-သပြေကုန်း -တောတွင် ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး (မြို့ပြ) က လုပ်ငန်းများ အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရန် မှာကြားခဲ့သည်။

အဆိုပါ မုန့်ပေါင်း - သပြေကုန်း - တောတွင်ကျေးရွာချင်း ဆက်လမ်း အရှည် သုံးဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ၁၄ လက်မ ကျောက်ချောခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၁၀၈ ဒသမ ၅၅၂ သန်းဖြင့် ဌာနမှ တာဝန်ယူ၍ ဇွန် ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# သာစည်မြို့နယ် ကုန်းတောင်း(တောင်)ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**သာစည် ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းတောင်း(တောင်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကုန်းတောင်း(တောင်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့်အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကုန်းတောင်း(တောင်) ကျေးရွာ၌ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူ ဦးရေ ၅၀ ကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# သဲကုန်းမြို့နယ် ပွဲပြည့်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သဲကုန်း ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပွဲပြည့်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးစေရန် အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက မတည်ရန်ပုံငွေဖြင့် စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပွဲပြည့်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၁ ဦးကို ငွေကျပ် ၁၈ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၅၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**အရာတော် ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၅၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ ၂၁၆၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၅၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ စပါးကေ ၂၁၆၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက် ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက် ပေးနေပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၁၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားငါးဆူကျေးရွာနှင့် ဝင်းကကျေးရွာတို့ရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းဝေဖြိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဘုရားငါးဆူကျေးရွာနှင့် ဝင်းကကျေးရွာတို့၌ မြစိမ်းရောင်စီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ဘုရားငါးဆူကျေးရွာနှင့် ဝင်းကကျေးရွာတို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၁ ဦးကို ရန်ပုံငွေကျပ် ၁၂၈၃ ဒသမ ၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုကိုစိုး**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခူပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခူပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးခူပိသာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးခူပိသာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ငါးခူပိသာချိန် ၆၀၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအပေါ် မူတည်ပြီး တင်ပို့ရောင်းချနေပါတယ်။ လက်ရှိဒေသမှာ ငါးခူတွေ ထွက်ရှိနေပါတယ်။ ငါးခူက ပြည်တွင်းမှာကို စားသုံးမှုများတဲ့ငါးဖြစ်တယ်။ ကျိုက်လတ်မြို့နယ်ဘက်က ရေထွက်ကုန်မှန်သမျှကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို တင်ပို့နေတာဖြစ်ပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ငါးခူ ၁၀ ပိသာလျှင် ငွေကျပ် ၁၉၅၀၀၀ မှ ၂၇၅၀၀၀ ထိ အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ အဆိုပါ ငါးခူများ ဝယ်ယူမှုအားကောင်းလာသည့်အတွက် ငါးမွေးမြူသူများ၊ ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ပုဂံကျောက်စာများထဲက မဟာဒါန်

မောင်သာ(ရှေးဟောင်းသုတေသန)

"မဟာဒါန်" ဟူသော ဝေါဟာရသည် ပါဠိစကားလုံးမဟာဒါနမှဆင်းသက်လာပြီး ခေတ်အဆက်ဆက် မြန်မာစာအသုံးအနှုန်းတွင် တွေ့ရသည့် စကားလုံးတစ်လုံးဖြစ်သည်။ မဟာဒါန်ကို မြန်မာအဘိဓာန် အကျဉ်းချုပ် အတွဲ(၃)တွင် ကြီးမြတ်သောအလှူ သာသနာအတွက် ဘုရင်မင်းမြတ်က လှူဒါန်းထောက်ပံ့ရန်ရှိသည်ကိုလည်းကောင်း၊ ရဟန်းတော်တို့ ဝိနည်းသိက္ခာမပျက် ကျင့်ကြံနေထိုင်နိုင်မှုကိုလည်းကောင်း တာဝန်ခံကြပ်မတ်ဆောင်ရွက်ရသည့် အမှုထမ်းအမတ်ဟု ဖွင့်ဆိုသည်။ မဟာဒါန်ဝန်သည် မဟာဒါန်ဖွင့်ဆိုချက် (၂) နှင့် အတူတူဖြစ်ကြောင်း တစ်ဆက်တည်း ဖော်ပြထားသည်။

မြန်မာစာအဖွဲ့က ထုတ်ဝေသည့် ခရီးဆောင် မြန်မာအဘိဓာန်ကမူ မဟာဒါန်ကို မင်းလှူသော အလှူဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ မဟာဒါန်ဝန်ကို ဘုရင်၏ အလှူအတန်းကိစ္စကို လည်းကောင်း၊ ရဟန်းတော်တို့၏ ဝိနည်းသိက္ခာနှင့်အညီ ကျင့်ကြံမှုကိုလည်းကောင်း ကြပ်မတ်သောအမတ်ဟု အနက်ဖွင့်ထားသည်။

ပါဠိသက်ဝေါဟာရအဘိဓာန်က မဟာဒါန်(ဝန်)ကို ဘုရင်မင်းမြတ်၏ သာသနာအတွက် လှူဒါန်းထောက်ပံ့မှုများကို စီမံခန့်ခွဲရသည့်ဝန်(ရဟန်းများ၏အမူအကျင့်ကိုလည်း ထောက်လှမ်းစုံစမ်းကြည့်ရှုရသည်)ဟု ဖွင့်ဆိုထားသည်။ ထို့ကြောင့် စိန္တကျော်သူ ဦးဩက ကဝိလက္ခဏာသတ်ပုံစာအုပ်တွင် "မင်းကခန့်ရန်၊ မဟာဒါန်၊ ဆော်ဘန်ရဟန်းမှာ"ဟု သံပေါက်စပ်ဆိုခဲ့သည်။

**ကုန်းဘောင်ခေတ် မဟာဒါန်ဝန်**

ကုန်းဘောင်ခေတ်တွင် မဟာဒါန်ဝန်ကို ဘုရင်က ခန့်အပ်တာဝန်ပေးလေ့ရှိ၍ မဟာဒါန်ဝန်၏ လုပ်ငန်းတာဝန်များကို ရွှေနန်းသုံးဝေါဟာရ အဘိဓာန်တွင် ဖော်ပြထားသည်။

မဟာဒါန်ဝန်သည် နိုင်ငံတော်အတွင်း အဝေးမြို့ရွာများမှတစ်ပါး မင်းနေပြည်တော်နှင့်တကွ အနီးအစပ် မြို့ရွာကျောင်းကန်ရှိ ရဟန်းသံဃာတော်တို့ ဝိနည်းသိက္ခာပုဒ်နှင့်မညီ၊ ပြုလုပ်ကျင့်ကြံသည်ကို တွေ့ရှိလျှင် မဟာဒါန်စာရေးတို့ကို ဆင့်ဆိုဖမ်းဆီးစေ၍ အဓိပတိဆရာတော်ကြီးများထံ ပို့အပ်ရသည်။

ထို့ပြင် သာသနာပြုဆရာတော်က စာပေးရန်ရှိလျှင် ရေးသားရခြင်း၊ အတွင်းတော် ရွှေလွှတ်တော်များက ဆင့်ဆိုလျှင် သာသနာပြုဆရာတော်ကို လျှောက်ရခြင်း၊ ကျောင်းဘုရားအသည်တိုင်တို့ကို ငြိမ်အောင် စောင်မရခြင်း၊ သာသနာပြုဆရာတော်က အဝေးမြို့ကျေးရွာဆင့်ဆိုခေါ်ငင်ရန်ရှိသည်များကို မဟာဒါန်ဝန်က လွှတ်တော်တွင် တိုင်တန်းခေါ်ယူရခြင်းကို ဆောင်ရွက်ရသည်။

ထို့အတူ ကျွန်းသီးတော်၊ ဝတ္ထုကံမြေမှစ၍ ကျောင်းနှင့် စပ်လျဉ်းသည့်အရာများကို ရှုပ်ထွေးယှက်တင်မရှိစေရန် အထိန်းအကွပ်၊ အစောင့်အနေခန့်ထားရန်နှင့်တကွ တစ်လုံးတစ်ဝတည်း ဆင့်ဆိုထိန်းအုပ်ရသည်ဟု ဖော်ပြထားသည်။

မဟာဒါန်ဝန်ကို ရှင်ဘုရင်က တိုက်ရိုက်ခန့်ထားသည်။ မဟာဒါန်ဝန်ခန့် အမိန့်တော်ပြန်တမ်းတွင် မဟာဒါန်ဝန် ထမ်းဆောင်ရသည့် တာဝန်များကို ဘုရင်က ချမှတ်ပေးသည်။ ဘုရင်မင်းမြတ်၏ ဘိုးဘေးအဆက်ဆက်သည် သာသနာ နှစ်ငါးထောင်တည်စိမ့်သောငှာ ဘုရား၊ ကျောင်း၊ ဝတ်မိုး၊ ဝတ်မြေ၊ နယ်နိမိတ်အပိုင်းအခြားကို ကျောက်စာထိုး၍ လှူတော်မူကြောင်း၊ဘုရား၊ကျောင်းအစရံစောင့်အဖြစ် လှူယောက်ျား၊ လှူမိန်းမ လှူဒါန်းသည်လည်းရှိကြောင်း၊ ဘုရား၊ ကျောင်းအစရံစောင့်လှူမြေများနှင့် မင်းမြေ၊ အမှုထမ်းကျွန်တော်မျိုးမြေကို မရောမထွေး၊ မစပ်၊ ခြားနားရှင်းလင်းအောင် စစ်ကြောစီရင်ရသည်ဟု အမိန့်တော်ပြန်သည်။

ဘုရား၊ ကျောင်းနှင့်စပ်သည့်မြေ၊ အစရံစောင့်လှူတို့ကို မဟာဒါန်ဝန်စာရေး၊ ကျောက်စာရေးတို့က စာရင်းသေချာအောင် ရေးသားမှတ်သားကြရသည်။ ကျောင်းရှိလှူစာရင်းကိုလည်း မှတ်သားရသည်။ ကျောင်း၊ ဘုရား၊ မြေအစရံစောင့်များကို မင်းမြေ အမှုထမ်းများနှင့် မစပ်မယှက်စေရန် ကြပ်ကြပ်တည်းတည်း စစ်ကြောစီရင်ရသည်ဟု ဖော်ပြထားသည်။

ထို့ပြင် ထမ်းဆောင်ရမည့် တာဝန်များကို အမြဲနှလုံးသွင်း၍ ဂတိသို့မလိုက်ဘဲ (အဂတိမလိုက်စားဘဲ) တော်တည့်ဖြောင့်မတ်အောင်စီရင်ရမည်ဟု ဘုရင်က သတ်မှတ်ထားသဖြင့် မဟာဒါန်ဝန်သည် လူများသာမက မြေများပေါ်တွင်လည်း တာဝန်ယူရကြောင်း တွေ့ရှိရသည်။

မဟာဒါန်ဝန်သည် ကုန်းဘောင်ခေတ်ထိ သုံးစွဲခဲ့သည့် မင်းမှုထမ်း အခေါ်အဝေါ်တစ်ခု ဖြစ်သကဲ့သို့ ပုဂံခေတ်တွင် မဟာဒါန်ဟူသည့် ဝေါဟာရကိုသုံးစွဲခဲ့သည့် အထောက်အထားအဖြစ် ပုဂံကျောက်စာများတွင် မဟာတန်၊ မဟာတန်လယ်၊ မဟာဒါန်ပိယ်၊ မဟာဒါန်လယ်ဟုတွေ့ရှိရသည်။ သို့သော် မဟာဒါန်ဝန်ဟူသည် ရာထူးကိုကား မတွေ့ရှိရပေ။

**မဟာဒါန်ပါရှိသည့် ကျောက်စာများ**

မဟာဒါန်နှင့် မဟာတန် ဟူသည့် အသုံးအနှုန်းကို ပုဂံခေတ်ထိုး ကျောက်စာများတွင် တွေ့ရှိရသည့်အနက် ဇေယျသွတ်ဘုရားကျောက်စာ (သက္ကရာဇ် ၅၉၇ ခုနှစ်)၊ မဟာသမန်းလင်မယားကျောက်စာ (သက္ကရာဇ် ၆၁၄ ခုနှစ်)တွင် မဟာဒါန်ဟုလည်းကောင်း၊ မိတြသိဉ္စည်းကျောက်စာ(သက္ကရာဇ် ၅၇၈ ခုနှစ်)၊ ကျစွာမင်းမိထွေးတော်ကျောင်း ကျောက်စာ (သက္ကရာဇ် ၆၀၄ ခုနှစ်)၊ ညောင်ရမ်းကြီးသမီး ရှင်မဟာကဿပတောကျောင်းကျောက်စာ(သက္ကရာဇ် ၆၀၄ ခုနှစ်)၊ ရှင်မဟာကဿပကျောက်စာ (သက္ကရာဇ် ၆၁၀ ပြည့်နှစ်)တို့တွင် မဟာတန်ဟုလည်းကောင်း တွေ့ရှိရသည်။

ဇေယျသွတ်ဘုရားကျောက်စာတွင် သက္ကရာဇ် ၅၉၇ ခုနှစ် ဝါခေါင်လဆန်း ၄ ရက်၊ ကြာသပတေးနေ့တွင် ကျစွာမင်းသည် ပုဂံဘုရင်ဖြစ်လာခဲ့ပြီး အကြေအညာအရပ်၌ရှိသည့် မဟာဒါန်မြေများကို သိမ်းယူကြောင်း ဖော်ပြထားသည်။ ကျစွာမင်းသည် နားတောင်းများမင်းနှင့် မိဖုရားအိမ်တော်သည်တို့၏ သားတော်ဖြစ်သည်။ ဇေယျသွတ်ဘုရားကျောက်စာသည် ပုဂံ၊ အရှေ့ဖွားစောရွာရှိ ဇေယျသွတ်ဘုရားတွင် တည်ရှိသည်။

ထို့အတူ မဟာသမန်းလင်မယားကျောက်စာတွင် မင်းကြီးကျစွာ အလှူကြီးပေးသောအခါ ဟူးရားပုဏ္ဏားတို့ရသော မဟာဒါန်လယ် ၁၀၀ ဟု ပါရှိသည်။ ထိုကျောက်စာသည် ပုဂံ၊ မင်းနန်းသူရွာရှိ ရှင်အဇ္ဇဂေါဏဘုရား အာရုံခံအတွင်း၌ တည်ရှိသည်။

> ❖ မဟာဒါန်နှင့် မဟာတန်ဟူသည့် အသုံးအနှုန်းကို ပုဂံခေတ်ထိုး ကျောက်စာများတွင် တွေ့ရှိရသည့်အနက် ဇေယျသွတ်ဘုရား ကျောက်စာ (သက္ကရာဇ် ၅၉၇ ခုနှစ်)၊ မဟာသမန်းလင်မယား ကျောက်စာ (သက္ကရာဇ် ၆၁၄ ခုနှစ်)တွင် မဟာဒါန်ဟုလည်း ကောင်း၊ မိတြသိဉ္စည်းကျောက်စာ(သက္ကရာဇ် ၅၇၈ ခုနှစ်)၊ ကျစွာ မင်းမိထွေးတော်ကျောင်းကျောက်စာ (သက္ကရာဇ် ၆၀၄ ခုနှစ်)၊ ညောင်ရမ်းကြီးသမီး ရှင်မဟာကဿပတောကျောင်းကျောက်စာ (သက္ကရာဇ် ၆၀၄ ခုနှစ်)၊ ရှင်မဟာကဿပကျောက်စာ (သက္ကရာဇ် ၆၁၀ ပြည့်နှစ်)တို့တွင် မဟာတန်ဟုလည်းကောင်း တွေ့ရှိရသည်။ ❖

နားတောင်းများမင်းကြီး ရေးထိုးသည့် မိတြသိဉ္စည်း ကျောက်စာတွင် မိတြသိဉ္စည်းကို နားတောင်းသခင် (နားတောင်းများမင်း) ဖုန်းတော်လှူသော မရှက်ရေရှင်တွင် မဟာတန် ၈၀ ပေးစား၏ ဖော်ပြထားရာ မဟာဒါန်မြေ သို့မဟုတ် မဟာဒါန်လယ်ဟု ဆိုလိုခြင်းဖြစ်သည်။ ထိုကျောက်စာသည် ပုဂံ၊ ဓမ္မရံကြီးဘုရားဂူအတွင်း၌ ရှိသည်။

ကျစွာမင်းမိထွေးတော်ကျောင်း ကျောက်စာတွင် ပုဂံတောင်ရှိသော ကျွန်တော်၊ သိမ်၊ မြေ၊ မဟာတန်ရသော ကျွန်တို့ကို ဖုရားလောင်းမိထွေး ဖုန်းတော်လှူ၏ဟု ရေးထိုးထားသည်။ ထိုကျောက်စာသည် မန္တလေး နန်းတွင်းကျောက်စာရုံတွင် ထိန်းသိမ်းထားသည့် ကျောက်စာတိုင်အမှတ်(၃၅/က)ဖြစ်သည်။

ညောင်ရမ်းကြီးသမီး ရှင်မဟာကဿပ တောကျောင်းကျောက်စာတွင် သာသနာအထောက်အပင့်ဖြစ်ချင်ရကားဟု အစချီထားသည့် အလှူပစ္စည်းစာရင်းတွင် အတွင်းသောဥစ္စာ ပတ္တမြားစသော ရွှဲမြတ် ကိုးပါး၊ ရွှေ၊ ငွေ၊ ကြေးနီ၊ ကြေးဖြူ၊ သံ၊ သလွဲ၊ ခနောက်၊ အပသောဥစ္စာကား လှေ၊ ဆင်၊ နွား၊ ကျွဲ၊ ဆိတ်၊ ဆင်စွယ်စသောသတ္တဝါ၊ ကျွန်၊ ရွာ၊ မဟာတန်လယ်၊ ဥယျာဉ်ဟု ဖော်ပြထားသည်။ ထိုကျောက်စာသည် ပုဂံရှေးဟောင်း သုတေသနပြတိုက်တွင် ထိန်းသိမ်းထားသည့် ကျောက်စာတိုင်အမှတ် (၆၃) ဖြစ်သည်။

ရှင်မဟာကဿပကျောက်စာတွင်လည်း ထိုလှူသောလယ်ကား သင်တောင်ခရိုင်အခွင်၊ သုရောက္ခမည်သောအရပ်၌ ဖန်းမြတ်သော၏ အဘိုးကြီး သင်ကြံမသူ၏ မဟာတန်လယ်ဟု တွေ့ရှိရသည်။ ထိုကျောက်စာ သည် ပုဂံ၊ မင်းနန်းသူရွာရှိ အစောကြွမ်းခေါ် ကြက်တူရွေးဘုရားလိုဏ်အတွင်း၌ ရှိသည်။

**ဇေယျသွတ်ကျောက်စာနှင့် မဟာဒါန်မြေ**

ပုဂံခေတ်ထိုးကျောက်စာများတွင် မဟာဒါန်မြေ၊ မဟာဒါန်လယ်စသဖြင့် တွေ့ရှိရသည့်အနက် ဇေယျသွတ် ဘုရားကျောက်စာတွင်ပါရှိသည့် မဟာဒါန်မြေသည် ဘုရင်သိမ်းယူသည့်မြေဖြစ်ကာ ကျောက်စာတွင် မဟာတန်ဟုမသုံးဘဲမဟာဒါန်ဟုရေးထိုးထားသည်။

ဇေယျသွတ်ဘုရားကျောက်စာသည် နားတောင်းများမင်း၏ အမတ်တစ်ဦးဖြစ်သည့် ဇေယျသွတ် (ဇေယသွတ္တိ) ရေးထိုးခဲ့သည့် သာသနာအတွက် မြေလှူသည့် မှတ်တမ်းဖြစ်သည်။ ထိုကျောက်စာကို မြန်မာစာကိုး အဘိဓာန်တွင် သံပျင်ဇေယျသွတ် (သက္ကရာဇ် ၅၉၇ ခုနှစ်)ဟု ဖော်ပြထားသည်။

ဇေယျသွတ်ဘုရားကျောက်စာ ပထမဆုံးစာကြောင်းတွင် သက္ကရာဇ် ၅၇၃ ခုနှစ်၊ အာသိန်နှစ်၊ တော်သလင်း လဆန်း ၁၀ ရက်၊ ကြာသပတေးနေ့တွင် ဥစ္စနာမင်း ရွှေတောင်တက်၏ ဟု ရေးထိုးထားသဖြင့် ဥစ္စနာမင်းခေါ် နားတောင်းများမင်း နန်းတက်သည့်ရက် အထောက်အထားကို အခိုင်အမာ တွေ့ရှိရသည်။

ပုဂံခေတ်တွင် မြေရှင်များသည် တောမြေကိုရှင်း၍ဖြစ်စေ၊ မိဘထံမှအမွေရ၍ဖြစ်စေ၊ မင်းကပေး၍ဖြစ်စေ၊ တရားနိုင်၍ဖြစ်စေ နည်းလမ်းအသွယ်သွယ်ဖြင့် မြေကိုရရှိခဲ့ကြသူများဖြစ်သည်။ သို့သော် ထိုသူများသည် မြေရှင်ဟုဆိုသည့်တိုင် မြေရှင်အစစ်သည် ရှင်ဘုရင်ဖြစ်သည်။ ဘုရင်က မြေရှင်များကို ထိုမြေတွင် သီးနှံများစိုက်ပျိုးလုပ်ကိုင်ခွင့်ကိုပေးထားခြင်းသာဖြစ်သည်။

ထို့ကြောင့် မြေရှင်များသည် မြေခွန်မြေခကို ဘုရင်ထံ နှစ်စဉ်ဆက်သွင်းကြရသည်။ မြေမှ တစ်နှစ်တာထွက်ရှိသည့် ကောက်ပဲသီးနှံကို ရာခိုင်နှုန်းသတ်မှတ်လျက် အခွန်အခအဖြစ် ပေးဆောင်ကြရသည်။သို့သော် သာသနာမြေဆိုပါက ဘုရင့်ထံ အခွန်ပေးဆောင်ရခြင်းမရှိဘဲ သာသနာမြေမှ ထွက်ရှိသည့် ကောက်ပဲသီးနှံ အခွန်ရာခိုင်နှုန်းကို သာသနာမြေရှင် ရဟန်းက ရရှိသည်။

ဘုရင်သည် သာသနာမြေမှ အခွန်အခမရသဖြင့် မြေရှင်တစ်ဦးသည် သူ၏မြေကို သာသနာထံလှူဒါန်းလိုပါက ဘုရင်၏ခွင့်ပြုချက်ရရှိမှသာ လှူဒါန်းနိုင်သည်ဟု သတ်မှတ်ချက်ရှိသည်။

ထို့ကြောင့် အမတ်ဇေယျသွတ်သည် ဘုရင့်ထံမှ ခွင့်ပန်ပြီး ဟင်ရံပအက်အရပ်၌ရှိသည့် မိမိ၏ မြေပယ် ၃၀၀ ကို သက္ကရာဇ် ၅၈၅ ခုနှစ် ပြာသိုလဆန်း ၇ ရက်၊ ကြာသပတေးနေ့တွင် သာသနာသို့ လှူဒါန်းခဲ့သည်။ အမတ်ကြီးဇေယျသွတ်သည် ထိုမြေတွင် လုပ်ကိုင်စားခွင့်ကို ဘုရင့်ထံမှရရှိထားပြီးဖြစ်သော်လည်း သာသနာသို့ပေးလှူရန် ပုဂံဘုရင် နားတောင်းများမင်းထံမှ ခွင့်ပြုချက်ယူခဲ့ရသည်။

အမတ်ကြီး ဇေယျသွတ်၏ သာသနာမြေလှူပွဲသို့ ဘုရင်နားတောင်းများကိုယ်တိုင် မကြွရောက်ဘဲ ဘုရင့်ကိုယ်စား အမတ်အနန္တရစ်က ဆောင်ရွက်ပေးခဲ့ကြောင်း ကျောက်စာတွင် ဖော်ပြထားသည်။

အမတ်ကြီးဇေယျသွတ်သည် နောက်လေးနှစ်အကြာ သက္ကရာဇ် ၅၈၉ ခုနှစ် တန်ခူးလဆန်း ၇ ရက်၊ အင်္ဂါနေ့တွင် ဟင်ရံပအက်အရပ်၌ရှိသည့် မြေပယ် ၄၅၀ ကို သာသနာသို့ လှူဒါန်းလှူလိုကြောင်း ဘုရင့်ထံ ထပ်မံပန်ကြားခဲ့သည်။ ဘုရင် နားတောင်းများမင်းက "ဇေယျသွတ်ကား အသက်ကြီးလှ၏။ သို့သော် သူငယ်နှင့်ထပ်တူ

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင်အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံစားမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ရေဘေးအလှူ

- များစွာပြည်သူ
  ဒုက္ခထူ
  ကူညီစိတ်လေး ထားကြပါ။

- တစ်ယောက်တစ်လက်
  လိုအပ်ချက်
  ဖြည့်စွက်လို့သာ ပေးကြပါ။

- ရေဘေးဒုက္ခ
  ကြုံနေရ
  ဝေငှပေးပါ အစားစာ။

- ငွေသားအလှူ
  လုပ်အားကူ
  ပြိုင်တူတွန်းပါ ကပ်ဘေးကွာ။

- တတ်အားသရွေ့
  ဒါနမွေ့
  ကြုံတွေ့အရာ ဆင်ပြေမှာ။

- စာနာစိတ်တွင်
  ကုသိုလ်ဆင်
  ခုံမင်ကြမှာ များသူငါ။ ။

ဇေဒါမောင်(ပညာရေး)

# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၂၃၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဩဂုတ် ၁၈**

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၂၃၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၇၃၅၀၊ ဘုတလင်မြို့နယ်တွင် ဧက ၃၁၀၀၊ အရာတော်မြို့နယ်တွင် ၂၆၃ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၅၂၀ စုစုပေါင်း ၁၁၂၃၃ ဧက တို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးသွားပါမယ်။ ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်အောင်လဲ ဆောင်ရွက်ပေးသွားပါမယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

မုံရွာခရိုင်တွင် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက် တောင်သူများ ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့်အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။ (၂၀၆)

# ဖြူးမြို့နယ် ရေသျှံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း၍ ကော်မတီဖွဲ့စည်း

**ဖြူး ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက ရေသျှံကြီးကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းတေဇာထက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို မိတ်ဆက်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကော်မတီရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ မူဝါဒများနှင့် ကျေးရွာမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရေသျှံကြီးကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့်မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းတေဇာထက်ထံမှ သိရသည်။

သော်ဇင်ထူး

á **စာမျက်နှာ ၄ မှအဆက်**

နေ့ညမရွေးအမှုတော်ကိုထမ်းဆဲဖြစ်သည်"ဟုဆိုကာ ဇေယျာသွတ်၏အလှူကို ခွင့်ပြုခဲ့သည်။

ကျောက်စာအရ နားတောင်းများမင်း၏သား ကျစွာမင်းသည် သက္ကရာဇ် ၅၉၇ ခုနှစ် ဝါခေါင်လဆန်း ၄ ရက်၊ ကြာသပတေးနေ့တွင် ပုဂံဘုရင်ဖြစ်လာခဲ့သည်။ ကျစွာမင်းသည် ဘုရင်ဖြစ်လာပြီးနောက် အကြေအညာအရပ်၌ရှိသည့် မဟာဒါန်မြေများကိုသိမ်းယူခဲ့ရာ ထိုမြေများတွင် အမတ်ကြီးဇေယျာသွတ် လှူဒါန်းခဲ့သည့်မြေများလည်း ပါဝင်သွားခဲ့သည်။

ထို့ကြောင့် အမတ်ဇေယျာသွတ်မြေလှူထားသည့် ကျောင်းတွင်နေသည့် သံဃာများက ကျစွာမင်းကိုတွေ့ဆုံ၍ ဇေယျာသွတ်လှူခဲ့သည့် မဟာဒါန်မြေများသည် ဘုရားရှင်သို့လှူခဲ့သည့် မြေများဖြစ်ကြောင်း မိန့်ကြားခဲ့ကြသည်။

အမတ်ကြီးဇေယျာသွတ်လှူခဲ့သည့် မြေများကို နားတောင်းများမင်းကြီးပေးခဲ့ခြင်း ဟုတ်၊ မဟုတ်ကို မင်းဘထွေးတော်ရာဇသူ၊ ကက်သူ၊ အမတ်တျာ၊ မဟာသမိန်၊ အမြိုက်လက်ယာ၊ အနန္တဇေယျပိကြံနှင့် မဟာသက်ထိတ်တို့က စစ်ဆေးခဲ့သည်။

စစ်ဆေးသူ အမတ်များက အမတ်ကြီးဇေယျာသွတ်လှူခဲ့သည့် မြေများသည် ဘုရင်နားတောင်းများမင်း၏ ခွင့်ပြုချက်ဖြင့်လှူခဲ့ခြင်းဖြစ်ကြောင်း ကျစွာမင်းကို လျှောက်တင်ခဲ့ကြသည်။ ထို့ကြောင့် ကျစွာမင်းသည် အမတ်ကြီးဇေယျာသွတ်လှူခဲ့သည့် မြေများကို အမတ်များ၏ရှေ့မှောက်တွင် ရေစင်သွန်းချကာပြန်လည်လှူဒါန်းခဲ့သည်။

ထိုအကြောင်းများကို ဇေယျာသွတ်ဘုရားကျောက်စာတွင် ရေးထိုးထားရာ ပုဂံခေတ်က ဘုရင်တစ်ပါးလှူဒါန်းခဲ့သည့် မဟာဒါန်မြေကို နောက်ဘုရင်တစ်ပါးက သိမ်းဆည်းခဲ့သော်လည်း သာသနာပိုင်မြေအဖြစ်ပင် ဆက်လက်တည်ရှိခဲ့ကြောင်းတွေ့ရှိရပေသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာကျောက်စာများ(ပဌမတွဲ)(ဦးငြိမ်းမောင်)**
- **စာကိုးအဘိဓာန်(မြန်မာစာအဖွဲ့)**
- **ရွှေနန်းသုံးဝေါဟာရ အဘိဓာန်(ဦးမောင်မောင်တင် ၁)**
- **ဂံဂိုးဝ(ဒေါက်တာသန်းထွန်း)**

# တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ တောင်ကိုရီးယားသို့ သွားရောက်မည်

**ပေကျင်း ဩဂုတ် ၁၈**

တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယီသည် ဩဂုတ် ၁၉ ရက်မှ ၂၀ ရက်ထိ တောင်ကိုရီးယားနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါခရီးစဉ်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီအတွက် ငါးနှစ်တာ ကာလအတွင်း ပထမဆုံးတရားဝင် တောင်ကိုရီးယား ခရီးစဉ်ဖြစ်သည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယီကို တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က ဩဂုတ် ၂၀ ရက်တွင် ဆိုးလ်မြို့ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းကိစ္စတို့ကို ဆွေးနွေးမည် ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ ခရီးစဉ်အတွင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယီသည် တောင်ကိုရီးယား အမျိုးသားလုံခြုံရေးအကြံပေး ဝီဆောင်လက်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယား ခရီးစဉ် ပထမဆုံးနေ့ဖြစ်သော ဩဂုတ် ၁၉ ရက်တွင် တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယီသည် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချိုဟွန်းနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

တရုတ်နိုင်ငံ ရှန်ကျန်းမြို့၌ ယခုနှစ် နိုဝင်ဘာလအတွင်း အေပက် ထိပ်သီးညီလာခံမကျင်းပမီ တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ရန် တရုတ်နိုင်ငံခြားရေး ဝန်ကြီးက စီစဉ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဟော်မုဇ်ရေလက်ကြားကိစ္စ ကြားဝင်ဟန့်တားနေပါက အိုမန်ကို တိုက်ခိုက်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား

**ဝါရှင်တန် ဩဂုတ် ၁၈**

ဟော်မုဇ်ရေလက်ကြား နှင့် ပတ်သက်၍ အီရန်နှင့် သဘောတူညီချက်ရယူရန် အမေရိကန်နိုင်ငံ၏ကြိုးပမ်းမှုများကို ကြားဝင်နှောင့်ယှက်နေပါက အိုမန်နိုင်ငံကို ဗုံးကြဲ တိုက်ခိုက်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယနေ့တွင် ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ထို့ပြင် ငါးလကျော်ကြာမြင့်နေပြီဖြစ်သော အီရန်စစ်ရေးပဋိပက္ခ အဆုံးသတ် နိုင်ရေးအတွက် လက်နက်ချအညံ့ခံရန်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်နိုင်ငံကို ပြောကြားခဲ့သည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ယခုနှစ်ဖေဖော်ဝါရီ ၂၈ ရက်တွင် စစ်ရေးအရ စတင်တိုက်ခိုက်ခဲ့ပြီးနောက် မဟာဗျူဟာမြောက် ဟော်မုဇ်ရေလက်ကြားကို အီရန်နိုင်ငံက ပိတ်ဆို့ခဲ့သည်။

တစ်ချိန်တည်းမှာပင် ဟော်မုဇ်ရေလက်ကြား၏ တစ်ဖက်တစ်ချက်တွင်ရှိသော အိုမန်နှင့် အီရန်နိုင်ငံတို့သည် ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို ထိန်းချုပ်ရေးအတွက် ဆွေးနွေးလျက်ရှိသည်။

ဟော်မုဇ်ရေလက်ကြားကို ထိန်းချုပ်နိုင်ရေးအတွက် အမေရိကန်နိုင်ငံ၏ ကြိုးပမ်းမှုများကို အိုမန်နိုင်ငံက ကြားဝင်နှောင့်ယှက်နေမည်ဆိုလျှင် အိုမန်ကိုဗုံးကြဲ တိုက်ခိုက်မည်ဟု သမ္မတ ဒေါ်နယ်ထရမ့်က သည်ဖောက်စ် သတင်းဌာနနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးအစီအစဉ်၌ ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO




# ဖိလစ်ပိုင်နိုင်ငံ စာသင်ကျောင်း တစ်ကျောင်း၌ သေနတ်ပစ်ခတ်မှုဖြစ်၊ ကျောင်းသားနှစ်ဦးသေဆုံး



**မနီလာ ဩဂုတ် ၁၈**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း အထက်တန်းကျောင်း တစ်ကျောင်း၌ ယနေ့တွင် သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ ကျောင်းသားနှစ်ဦး သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

စာသင်ကျောင်း ပစ်ခတ်မှုအတွင်း သေဆုံးသူကျောင်းသားနှစ်ဦးအနက် တစ်ဦးမှာ သေနတ်ပစ်ခတ်မှု ကျူးလွန်သူဖြစ်ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါသေနတ်ပစ်ခတ်မှုသည် ဇမ်ဘိုအန်ဂါမြို့ အန်တီနီယိုဒီဇမ်ဘိုအန်ဂါ တက္ကသိုလ်တွင် တွဲဖက်ဖွင့်လှစ်ထားသည့် အထက်တန်းကျောင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပစ်ခတ်မှုကျူးလွန်သူ ကျောင်းသားမှာ ကိုးတန်းကျောင်းသား တစ်ဦးဖြစ်ပြီး ပစ္စတိုသေနတ် တစ်လက်နှင့် ရိုင်ဖယ်သေနတ်တစ်လက်တို့ကို ကျောင်းထဲသို့ ယူဆောင်လာပြီး စာသင်ခန်းအတွင်းရှိ ကျောင်းသားများကို ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဇမ်ဘိုအန်ဂါမြို့ ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပစ်ခတ်မှုကျူးလွန်သူ ကျောင်းသားမှာလည်း အခင်းဖြစ်ပွားပြီးနောက် ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

ပြီးခဲ့သည့် ဇွန်လကလည်း ဖိလစ်ပိုင်နိုင်ငံ တာကလိုဘန်မြို့ အထက်တန်းကျောင်း တစ်ကျောင်းတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် ယနေ့သေနတ်ပစ်ခတ်မှုသည် နှစ်လမပြည့်မီကာလအတွင်း ဒုတိယအကြိမ်ဖြစ်ပွားခဲ့သော စာသင်ကျောင်းသေနတ်ပစ်ခတ်မှုဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ရုရှားသမ္မတ ပူတင်၏ ကူရိုင်းကျွန်းစုခရီးစဉ် ဂျပန်ဝေဖန်မှု ရုရှားအစိုးရ တရားဝင်ကန့်ကွက်

**တိုကျို ဩဂုတ် ၁၈**

တောင်ပိုင်း ကူရိုင်းကျွန်းစု ဒေသသို့ ရုရှားသမ္မတ ပူတင် သွားရောက်ခဲ့မှုနှင့် ပတ်သက်၍ ဂျပန်ဝန်ကြီးချုပ် တာကာအိချီက ဝေဖန် ပြောကြားခဲ့ပြီးနောက် ရုရှားအစိုးရက ဂျပန်သံအမတ်ကြီးကို ယနေ့တွင် ဆင့်ခေါ်ကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ရုရှားသမ္မတ ပူတင်သည် ဩဂုတ် ၁၃ ရက်တွင် တောင်ပိုင်း ကူရိုင်းကျွန်းစု၏ အိုင်တူရပ်ကျွန်းပေါ်သို့ သွားရောက်ခဲ့ရာ ထိုခရီးစဉ်ကို လက်ခံ၍မရနိုင်သည့် လုပ်ရပ်အဖြစ် ဂျပန်ဝန်ကြီးချုပ် တာကာအိချီက ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်၏ အဆိုပါ ဝေဖန်ချက်နှင့် ပတ်သက်၍ တရားဝင်ကန့်ကွက်စာကို ရုရှား ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ်ခေးလ်ဂလူဇင်က ဂျပန်သံအမတ်ကို ဆင့်ခေါ်ပေးအပ်ခဲ့ကြောင်း သိရသည်။

တောင်ပိုင်း ကူရိုင်းကျွန်းစုသည် ရုရှားအချုပ်အခြာပိုင် နယ်မြေတစ်ခုဖြစ်သည်မှာ ငြင်းချက်ထုတ်ပြန်ရန်မလိုအပ်ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တောင်ပိုင်း ကူရိုင်းကျွန်းစုကို ဆိုဗီယက်တပ်နီတော်က ဒုတိယကမ္ဘာစစ် ပြီးဆုံးခါနီးကာလတွင် သိမ်းယူခဲ့ပြီး လက်ရှိတွင် ရုရှားနိုင်ငံက ထိန်းချုပ်ထားသည်။

သို့ရာတွင် တောင်ပိုင်းကူရိုင်းကျွန်းစုမှာ သမိုင်းကြောင်းအရ ဂျပန်နိုင်ငံပိုင်ဆိုင်သည့် ကျွန်းစုဖြစ်ကြောင်း ဂျပန်အစိုးရက ပြောကြားထားပြီး အဆိုပါကျွန်းစုကို ပိုင်ဆိုင်ခွင့် တောင်းဆိုထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# လက်ဘနွန်အဝေးပြေးလမ်း၌ အစ္စရေးအလံများ စိုက်ထူမှု ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ချိုးဖောက်ရာရောက်

**ဘေရွတ် ဩဂုတ် ၁၈**

လက်ဘနွန် တောင်ပိုင်းရှိ အဓိက အဝေးပြေးလမ်းမကြီး တစ်ခုပေါ်၌ အစ္စရေးအလံများ စိုက်ထူထားမှုသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်တစ်ရပ်ကို ချိုးဖောက်ရာရောက်ကြောင်း ကုလသမဂ္ဂ၏ လက်ဘနွန်ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့က ဩဂုတ် ၁၇ ရက်တွင် သတင်း ထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထိုကဲ့သို့ အစ္စရေးအလံများ စိုက်ထူထားမှုသည် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား ၂၀၀၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့်စစ်ရေး ပဋိပက္ခကို အဆုံးသတ်ပေးခဲ့သော ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၁၇၀၁) ကို ချိုးဖောက်ရာရောက်ကြောင်း ကုလသမဂ္ဂ လက်ဘနွန် ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။



နာကွာရာ– တိုင်ရီကမ်းရိုးတန်း အဝေးပြေးလမ်းသည် ကုလသမဂ္ဂ၏ လက်ဘနွန်ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်များလည်း အသုံးပြုနေသည့် အဝေးပြေးလမ်း ဖြစ်သည်။

အစ္စရေး တပ်မတော်သည် ယခုနှစ်စပိုင်းအတွင်း လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုနှင့် စစ်ရေးပဋိပက္ခဖြစ်ပွားနေစဉ် လက်ဘနွန်နိုင်ငံ တောင်ပိုင်းသို့ ကျူးကျော်ဝင်ရောက်၍ ကြားခံလုံခြုံရေးဇုန်သတ်မှတ် ကြေညာထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဂြိုဟ်တုဟောင်းများကို ပတ်လမ်းပေါ်မှဆွဲထုတ်ပေးမည့် အာကာသယာဉ်ပုံစံသစ် Firefly Aerospace တည်ဆောက်မည်



**ဝါရှင်တန် ဩဂုတ် ၁၈**

ဂြိုဟ်တုဟောင်းများကို ပတ်လမ်းပေါ်မှ ဆွဲထုတ်ပေးမည့်မစ်ရှင်အတွက် အာကာသယာဉ်ပုံစံသစ်ကို အမေရိကန်နိုင်ငံအခြေစိုက် Firefly Aerospace ကုမ္ပဏီက တည်ဆောက်မည် ဖြစ်ကြောင်း ဩဂုတ် ၁၇ ရက် သတင်းများအရ သိရသည်။

Elytra အမည်ရှိ အဆိုပါ အာကာသယာဉ်သည် မစ်ရှင်သက်တမ်း ကုန်ဆုံးတော့မည့် ဂြိုဟ်တုများကို ပတ်လမ်းများပေါ်မှ ဆွဲထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ပတ်လမ်းကြောင်းများပေါ်ရှိ ဂြိုဟ်တုများကို ခြိမ်းခြောက်နေသော အာကာသအမှိုက်ပြဿနာကို လျှော့ချရေးအတွက် Elytra အာကာသယာဉ်စနစ်ကို ပုံစံထုတ် တည်ဆောက်ရန် Firefly Aerospace ကုမ္ပဏီက တာဝန်ယူထားခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် Elytra အာကာသယာဉ်သည် ကမ္ဘာ့ပတ်လမ်းအနိမ့်ပိုင်း၌ နေရာယူ၍ သက်တမ်းကုန်ဂြိုဟ်တုများ ပတ်လမ်းမှ ခွာထုတ်ရေးဝန်ဆောင်မှုများကို ပေးမည်ဖြစ်ကြောင်း Firefly Aerospace ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ Elytra အာကာသယာဉ်သည် အမြင့်အမျိုးမျိုးတွင်ရှိသော ပတ်လမ်းနေရာသုံးခုတို့မှ ဂြိုဟ်တုများကို ပတ်လမ်းပေါ်မှ ဆွဲထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Firefly Aerospace ကုမ္ပဏီသည် Elytra အာကာသယာဉ်ကို ၂၀၂၇ ခုနှစ်အတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# ပုံမှန်ကိုယ်အလေးချိန်၏ ၁၀ ပုံတစ်ပုံကျခဲ့သူများ အူမကြီးကင်ဆာကြောင့် သေဆုံးနိုင်ခြေ မြင့်တက်နိုင်

**ဘာလင် ဩဂုတ် ၁၈**

ပုံမှန်ကိုယ်အလေးချိန်၏ ၁၀ပုံတစ်ပုံထိ ကျဆင်းခဲ့သူများသည် အူမကြီးကင်ဆာကြောင့် သေဆုံးနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဩဂုတ် ၁၇ ရက် သတင်းများအရ သိရသည်။

ထို့ပြင် ကိုယ်အလေးချိန်ကျဆင်းစေသည့်ရောဂါများခံစားနေရသူ လူနာများတွင်လည်း အူမကြီးကင်ဆာ တစ်ကျော့ပြန်ပေါ်လာနိုင်ခြေ ၃၃ ရာခိုင်နှုန်းပို၍ မြင့်မားလာနိုင်ကြောင်း ဂျာမနီ သုတေသန ပညာရှင်များက ပြောကြားသည်။

ဂျာမနီ သုတေသနပညာရှင်များ၏အဆိုအရ အချိန်ကာလအတိုင်းအတာ တစ်ရပ်အတွင်း ကိုယ်အလေးချိန် သိသိသာသာ ကျဆင်းလာမှုသည် လူ့ကိုယ်ခန္ဓာအား အူမကြီးကင်ဆာက တိုက်ခိုက်နေမှု၏ လူသိနည်းသော လက္ခဏာတစ်ရပ်ဖြစ်နိုင်ကြောင်း၊ အူမကြီးကင်ဆာ ရောဂါသည် ကမ္ဘာပေါ်၌ တတိယမြောက် အဖြစ်အများဆုံးဖြစ်ပြီး လူငယ်များကြား ဖြစ်ပွားနှုန်း သိသိသာသာ မြင့်တက်လာသည့် ကင်ဆာရောဂါတစ်မျိုးလည်းဖြစ်ကြောင်း သိရသည်။

ဂျာမနီသုတေသနပညာရှင်များသည် အူမကြီးကင်ဆာလူနာ ၆၆၂၀ ဦးတို့၏ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြပြီး လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ ရောဂါစစ်ဆေးမတွေ့ရှိမီ ကိုယ်အလေးချိန်အောက် ၁၀ပုံတစ်ပုံ ကျဆင်းသူများသည် ပုံမှန် ကိုယ်အလေးချိန်ရှိသူများနှင့်နှိုင်းယှဉ်ပါက အူမကြီးကင်ဆာကြောင့် အသက်ဆုံးပါးနိုင်ခြေ ၅၀ ရာခိုင်နှုန်း ပိုမြင့်မားလာတတ်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

# စပေ့စ်အိတ်ကုမ္ပဏီက ဖယ်လ်ကွန်- ၉ ဒုံးပျံမစ်ရှင်နှစ်ခုကို တစ်ခုနှင့်တစ်ခု ၃၈ မိနစ်ခြား၍ လွှတ်တင်

**ဝါရှင်တန် ဩဂုတ် ၁၈**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဖယ်လ်ကွန်- ၉ ဒုံးပျံမစ်ရှင်နှစ်ခုကို တစ်ခုနှင့်တစ်ခု ၃၈ မိနစ်သာခြား၍ အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၁၇ ရက် သတင်းများအရ သိရသည်။

ဩဂုတ် ၁၅ ရက်တွင် ပထမဆုံး ဖယ်လ်ကွန်- ၉ မစ်ရှင်အဖြစ် စပေ့စ်အိတ်ကုမ္ပဏီသည် လူဝစ်စီးယားနားပြည်နယ်အခြေစိုက် ဂလိုဘယ်စတား ဂြိုဟ်တုနည်းပညာကုမ္ပဏီ၏ ဂြိုဟ်တုရှစ်စင်းကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၅၆ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်- ၉ ဒုံးပျံသည် ဂလိုဘယ်စတားဂြိုဟ်တုရှစ်စင်းလုံးကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်။




စပေ့စ်အိတ်ကုမ္ပဏီသည် ဂလိုဘယ်စတားဂြိုဟ်တုများ လွှတ်တင်ခဲ့ပြီး ၃၈ မိနစ်အကြာတွင် ဩဂုတ် ၁၅ ရက်၏ ဒုတိယမြောက်မစ်ရှင်အဖြစ် အမေရိကန်အာကာသတပ်ဖွဲ့၏ USSF-366 အမည်ရှိ ဂြိုဟ်တုကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့သည်။

သို့ရာတွင် USSF-366 ဂြိုဟ်တု ရောက်ရှိခဲ့သည့် ပတ်လမ်းနေရာနှင့် ရောက်ရှိချိန်တို့ကို စပေ့စ်အိတ်ကုမ္ပဏီနှင့် အမေရိကန် အာကာသတပ်ဖွဲ့တို့က သတင်းထုတ်ပြန်ထားခြင်းမရှိပေ။

ဩဂုတ် ၁၅ ရက်မစ်ရှင်နှစ်ခုစလုံးတွင် ဖယ်ကွန်- ၉ ဒုံးပျံများ၏ ပထမအဆင့် ပင်မဒုံးယာဉ်များသည် သတ်မှတ်နေရာများသို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# ဟင်းသီးဟင်းရွက်များကို တစ်လကြာစားသုံးပါက ရောင်ရမ်းမှုများကို လျှော့ချပေးနိုင်

**နယူးယောက် ဩဂုတ် ၁၈**

ဟင်းသီးဟင်းရွက်များကို တစ်လကြာ စားသုံးပေးပါက ရောင်ရမ်းမှုများကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဟင်းသီးဟင်းရွက်များကို သီတင်းလေးပတ်ကြာ စားသုံးသူများတွင် ရောင်ရမ်းမှုကို လျှော့ချပေးနိုင်သည့် မျိုးဗီဇအခြေခံမော်လီကျူး (ဒီအင်န်အေ) အပြောင်းအလဲများ ပေါ်ထွက်လာကြောင်း၊ အလားတူ အသားနှင့်နို့ထွက်ပစ္စည်း စားသုံးသူများနှင့်နှိုင်းယှဉ်ပါက အိုမင်းမှုနှုန်း နှေးကွေးလာသည်ကိုလည်း တွေ့ရကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏အဆိုအရ ဟင်းသီးဟင်းရွက်စားသုံးမှုသည် ကင်ဆာရောဂါနှင့်ဆက်စပ်နေသည့် မျိုးဗီဇများ၏ လှုပ်ရှားမှုကို လျှော့ချပေးနိုင်သည်။

အမေရိကန်သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၄၈ ဦးကို နှစ်စုခွဲ၍ တစ်စုကို ဟင်းသီးဟင်းရွက်များသာ တစ်လကြာ ကျွေးမွေး၍ တစ်စုကို အသားဓာတ်စာများသာ တစ်လကြာ ကျွေးမွေးပြီး ဒီအင်န်အေအပြောင်းအလဲများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဟင်းသီးဟင်းရွက်စားသုံးသူများ၌ ရောင်ရမ်းမှုကိုလှုံ့ဆော်ပေးတတ်သည့် ဆဲလ်အရေအတွက် ပိုနည်းပါးလာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**



# ဥရောပအာကာသအေဂျင်စီ၏ Proba-3 မစ်ရှင်ဂြိုဟ်တုနှစ်စင်းက လ၏အကူအညီမပါဘဲ နေကြတ်မှုဖြစ်စဉ်တု ဖန်တီးနိုင်ခဲ့

**ပဲရစ် ဩဂုတ် ၁၈**

ဥရောပအာကာသအေဂျင်စီ၏ Proba-3 မစ်ရှင်ဂြိုဟ်တုနှစ်စင်းသည် လ၏အကူအညီမပါဘဲ နေကြတ်မှုဖြစ်စဉ်တုကို ဖန်တီးနိုင်ခဲ့ကြောင်း ဩဂုတ် ၁၇ ရက် သတင်းများအရ သိရသည်။

Proba-3 မစ်ရှင်ဂြိုဟ်တုနှစ်စင်းသည် အဆိုပါနေကြတ်မှုဖြစ်စဉ်တုကို ဩဂုတ် ၁၂ ရက်တွင် ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဩဂုတ် ၁၂ ရက်တွင် ဥရောပတိုက်၏ နေအပြည့်ကြတ်မှုဖြစ်စဉ်တစ်ရပ်ပေါ်ပေါက်ခဲ့ရာ ၎င်းဖြစ်စဉ်မတိုင်မီ နာရီအနည်းငယ်အလိုတွင် နေကြတ်မှုဖြစ်စဉ်တုကို Proba-3 ဂြိုဟ်တုနှစ်စင်းက ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ဩဂုတ် ၁၆ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

အထက်ပါ နေကြတ်မှုဖြစ်စဉ်တုသည် Proba-3 မစ်ရှင်ဂြိုဟ်တုများက ဖန်တီးပေးခဲ့သည့် ၆၅ ကြိမ်မြောက် နေကြတ်မှုဖြစ်စဉ်တုဖြစ်ကြောင်း သိရသည်။

Proba-3 မစ်ရှင်ဂြိုဟ်တု နှစ်စင်းသည် ကမ္ဘာမြေပြင်အထက် အမြင့် ကီလိုမီတာ ၆၀၀၀ အကွာရှိ ပတ်လမ်းပေါ်တွင် နေရာယူ၍ နေကြတ်မှုဖြစ်စဉ်တုကို ဖန်တီးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် Proba-3 မစ်ရှင်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# ONE Friday Fights 167 ပြိုင်ပွဲတွင် မြန်ဗာဖိုက်တာများဖြစ်သည့် စောမင်းမင်းနှင့် ကျော်စွာဝင်းတို့ ပါဝင်ထိုးသတ်မည်




ရန်ကုန် ဩဂုတ် ၁၈

ထိုင်းနိုင်ငံတွင် ကျင်းပမည့် ONE Friday Fights 167 ပြိုင်ပွဲတွင် မြန်မာဖိုက်တာများဖြစ်သည့် စောမင်းမင်းနှင့် ကျော်စွာဝင်းတို့ တွဲဆိုင်းများ ပါဝင်မည်ဖြစ်ပြီး ထိုင်းဖိုက်တာများနှင့် ထိုးသတ်ရမည်ဖြစ်ကြောင်း သိရသည်။

ONE Friday Fights 167 ပြိုင်ပွဲကို ဩဂုတ် ၂၁ ရက် ညပိုင်းတွင် ဗန်ကောက်မြို့ရှိ Lumpinee Stadium တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အပိုင်းနှစ်ပိုင်း ခွဲခြား ကျင်းပမည်ဖြစ်ပြီး ပထမပိုင်းကို Inner Circle ပွဲစဉ်အဖြစ် တွဲဆိုင်းငါးဆိုင်းနှင့် ဒုတိယအပိုင်းကို မွေထိုင်းပွဲစဉ် အဖြစ် တွဲဆိုင်း ကိုးဆိုင်း စုစုပေါင်း ၁၄ ဆိုင်းထည့်သွင်း ကျင်းပမည်ဖြစ်ရာ စောမင်းမင်း၊ ကျော်စွာဝင်းတို့ တွဲဆိုင်းက ပထမပိုင်းငါးဆိုင်းတွင် ပါဝင်မည်ဖြစ်သည်။

ONE Friday Fights 167 ပြိုင်ပွဲတွင် စောမင်းမင်းသည် ပွဲစဉ်(၃) အဖြစ် ထိုင်းဖိုက်တာ ယော့ဖူးပ္ပါနှင့် ထိုးသတ်ရမည်ဖြစ်ပြီး ကျော်စွာဝင်းသည် ပွဲစဉ်(၄)အဖြစ် ထိုင်းဖိုက်တာတစ်ဦးပင်ဖြစ်သည့် ကိုမာဝတ်နှင့် ထိုးသတ်ရမည်ဖြစ်သည်။

ONE Friday Fights ပြိုင်ပွဲများတွင် စောမင်းမင်းသည် ခြောက်ပွဲထိုးသတ်ထားရာ သုံးပွဲနိုင်၊ သုံးပွဲရှုံးနိမ့်ထားပြီး ကျော်စွာဝင်းက သုံးပွဲထိုးသတ်ထားရာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ် ပိုင်ဆိုင်ထားသူများဖြစ်ကြောင်းသိရသည်။

STA

# Badminton Asia Southeast Asia Regional Championships 2026 ပြိုင်ပွဲတွင် မြန်မာကြက်တောင်ရိုက်အသင်း ရွှေတံဆိပ်သုံးခု ဆွတ်ခူးထား




ရန်ကုန် ဩဂုတ် ၁၈

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ကျင်းပခဲ့သည့် Badminton Asia Southeast Asia Regional Championships 2026 ပြိုင်ပွဲ၌ ယနေ့ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ်သုံးခု ဆွတ်ခူးထားကြောင်း သိရသည်။

Badminton Asia Southeast Asia Regional Championships 2026 ပြိုင်ပွဲတွင် မြန်မာကြက်တောင်ရိုက် အသင်းအတွက် ရွှေတံဆိပ်ဆုများကို အသက် ၁၆ နှစ်အောက် အသင်းလိုက်ပြိုင်ပွဲမှ မင်းမြတ်မိုး၊ ကောင်းမြတ်ချမ်းသာ၊ သွန်းနဒီဖြိုး၊ နန်းဆမ်းချမ်းသော်တို့ကလည်းကောင်း၊ အသက် ၁၉ နှစ်အောက်ပြိုင်ပွဲတွင် ဉာဏ်ရှိုင်းလင်း၊ ဟိန်းသီဟအောင်၊ လင်းလင်းထက်၊ နန်းဆန်းလှိုင်မိန်းတို့က လည်းကောင်း ပါဝင်ကစားခဲ့ပြီး ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အလားတူ အသက် ၂၃ နှစ်အောက် အသင်းလိုက်ပြိုင်ပွဲတွင်လည်း ဖြိုးသူရိန်ကျော်၊ လာဇီဒီကာ၊ အိမ့်ချစ်ဖူး၊ ဆုလတ်တို့က ပါဝင်ကစားခဲ့ကြပြီး ရွှေတံဆိပ်တစ်ခု ဆွတ်ခူးခဲ့ကာ စုစုပေါင်း မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်သုံးခု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မြန်မာ ကြက်တောင်ရိုက်အသင်းတွင် အသင်းအုပ်ချုပ်သူ နည်းပြအဖွဲ့ဝင်များအဖြစ် အထွေထွေအတွင်းရေးမှူး ဦးဘရန်းမိုင်း (General Secretary)၊ ဦးအောင်မျိုးထူး၊ ဦးချမ်းဝင်းဦးတို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

STA

# ၂၀၂၆-၂၀၂၇ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ချန်ပီယံဆုအတွက် ရေပန်းစားမှုတွင် အာဆင်နယ်အသင်း ထိပ်ဆုံး၌ရပ်တည်

လန်ဒန် ဩဂုတ် ၁၈

လာမည့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ချန်ပီယံဆုအတွက် ရေပန်းစားမှုတွင် လက်ရှိချန်ပီယံအာဆင်နယ်အသင်းကထိပ်ဆုံး၌ ရပ်တည်နေကြောင်း Sky Bet သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အစောပိုင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲ ချန်ပီယံဆုဖလားအတွက် ရေပန်းစားမှုတွင် အာဆင်နယ်အသင်းနှင့်အတူ မန်စီးတီးအသင်းကထိပ်ဆုံး၌ ရပ်တည်နေသော်လည်း ပြီးခဲ့သည့်ကွန်မြူနတီဒိုင်းဗိုလ်လုပွဲစဉ်တွင် အာဆင်နယ်အသင်းက မန်စီးတီးအသင်းကို အနိုင်ရခဲ့ပြီးနောက် ချန်ပီယံဆုအတွက် ရေပန်းစားမှုတွင် အာဆင်နယ်အသင်းက ထိပ်ဆုံး၌ ရပ်တည်နေခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ထိပ်တန်းအသင်းများဖြစ်သည့် မန်စီးတီးအသင်း၊ လီဗာပူးအသင်း၊ ချဲလ်ဆီးအသင်း၊ မန်ယူအသင်း၊ စပါးအသင်းတို့သည် နည်းပြအပြောင်းအလဲများ လုပ်ဆောင်ထားပြီး အာဆင်နယ်အသင်းသာ အပြောင်းအလဲမလုပ်ဆောင်ထားသည့်အတွက် ပြိုင်ပွဲနှင့် အတွေ့အကြုံကောင်းများစွာရှိသည့် နည်းပြအာတီတာကို ပိုင်ဆိုင်ထားသည့် အာဆင်နယ်အသင်းက ထိပ်ဆုံးတွင်ရေပန်းစားနေသကဲ့သို့ ကစားသမားခေါ်ယူမှုအပိုင်းတွင်လည်း ဂူမာရေ့စ်၊ ဇိုလစ်အစရှိသည့် ကစားသမားများကို ခေါ်ယူခဲ့ပြီးနောက် ချန်ပီယံဆုအတွက် ရေပန်းစားမှုတွင် ထိပ်ဆုံးမှ ဦးဆောင်နေခြင်းဖြစ်သည်။

လာမည့် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲချန်ပီယံဆုအတွက် ရေပန်းစားမှု၌ အာဆင်နယ်အသင်းနောက်တွင် မန်စီးတီးအသင်း၊ လီဗာပူးအသင်း၊ ချဲလ်ဆီးအသင်း၊ မန်ယူအသင်း၊ စပါးအသင်းတို့က အသီးသီးရပ်တည်နေကြောင်း သိရသည်။

Ref : Sky Bet
Trs : STA

# တိုင်းဒေသကြီးနှင့်ပြည်နယ် ကာယဗလနှင့်ကာယကြံ့ခိုင်မှု ပြိုင်ပွဲအတွက် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ကစားသမားရွေးချယ်ပွဲကို နိုဝင်ဘာ ၁ ရက်တွင်ကျင်းပမည်

မန္တလေး ဩဂုတ် ၁၈

တိုင်းဒေသကြီးနှင့် ပြည်နယ် ကာလဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ကစားသမားရွေးချယ်ပွဲကို နိုဝင်ဘာ ၁ ရက်တွင် မန္တလေးမြို့ ဗထူးမိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကစားသမား ရွေးချယ်ပွဲတွင် အမျိုးသားများအတွက် ၂၁ နှစ်အောက် ကာယဗလမောင်ပြိုင်ပွဲ၊ ၅၅ ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲ၊ ကီလို ၆၀ တန်း ကာယဗလမောင်ပြိုင်ပွဲ၊ ၆၅ ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲ၊ ကီလို ၇၀ တန်း ကာယဗလမောင်ပြိုင်ပွဲ၊ ၇၅ ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲ၊ ၇၅ ကီလိုနှင့်အထက် ကာယဗလမောင်ပြိုင်ပွဲ၊ Athletic Physique up to 170 cm ပြိုင်ပွဲ၊ Athletic Physique Over 170 cm ပြိုင်ပွဲ၊ Sport Physique up to 170 cm ပြိုင်ပွဲ၊ Sport Physique Over 170 cm ပြိုင်ပွဲ၊ Fitness Physique Open ပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အလားတူ အမျိုးသမီးပြိုင်ပွဲများအဖြစ် Model Physique up to 160cmပြိုင်ပွဲ၊ Model Physique Over 160cmပြိုင်ပွဲ၊ Athletic Physique Open ပြိုင်ပွဲ၊ Fitness Physique Open ပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါ တိုင်းဒေသကြီးကိုယ်စားပြု ကစားသမားရွေးချယ်ပွဲ ယှဉ်ပြိုင်လိုသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှုကော်မတီထံ ဆက်သွယ် စာရင်းပေးသွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

STA

# စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ကော့ယက်နှင့်ပေတီစတီယန်တို့အတွဲက ၁၆ ဦးအဆင့်သို့ တက်ရောက်

ဝါရှင်တန် ဩဂုတ် ၁၈

အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ ၃၂ ဦးအဆင့်ပွဲစဉ်အဖြစ် ယနေ့တွင် ယူကရိန်းတင်းနစ်မယ် ကော့ယက်နှင့် အမေရိကန်တင်းနစ်မယ် ပေတီစတီယန်တို့အတွဲနှင့် အမေရိကန်တင်းနစ်မယ်များဖြစ်ကြသည့် ဗီးနပ်စ်ဝီလီယံနှင့် ဆရီနာဝီလီယံအတွဲတို့ယှဉ်ပြိုင်ခဲ့ရာ ကော့ယက်နှင့်ပေတီစတီယန်တို့အတွဲကအနိုင်ရပြီး ၁၆ ဦးအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis 365 သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။



ပထမပွဲငယ်တွင် ကော့ယက်နှင့် ပေတီစတီယန်အတွဲက (၆-၂) ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ဝီလီယံညီအစ်မအတွဲက(၁-၆)ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့သည့်အတွက် အဆုံးအဖြတ်ပွဲစဉ် ဆက်လက်ကစားခဲ့ရသည်။

အဆုံးအဖြတ် ပွဲစဉ်ဖြစ်သည့် တတိယပွဲငယ်တွင်နှစ်တွဲလုံးလက်ရည်ကွာခြားမှု မရှိခဲ့သော်လည်း ကော့ယက်နှင့် ပေတီစတီယန်တို့အတွဲက(၁၀-၆)ရလဒ်ဖြင့် အနိုင်ရခဲ့သည့်အတွက် ၁၆ ဦးအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ကော့ယက်နှင့် ပေတီစတီယန်တို့အတွဲသည် စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲ ၁၆ ဦးအဆင့်ပွဲစဉ်အဖြစ် ပြင်သစ်တင်းနစ်မယ် မယ်ဒီနိုဗစ်ချ်နှင့် တရုတ်တင်းနစ်မယ် ဂူယိုဟန်ယူတို့ အတွဲနှင့် ဆက်လက် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Tennis 365
Trs : STA

# အမေရိကန် မရိန်းတပ်ဖွဲ့က စံသတ်မှတ်ထားသော လက်နက်များဖြင့် ဒရုန်းတန်ပြန်ရေး လေ့ကျင့်မှုစတင်ခဲ့



အမေရိကန် မရိန်းတပ်ဖွဲ့သည် စံသတ်မှတ်ထားသော လက်နက်များဖြင့် ဒရုန်းခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ဖျက်နိုင်ရန် စစ်ရေးလေ့ကျင့်မှုများ စတင်ခဲ့ကြောင်း The Drone Front သတင်းဌာနက ဩဂုတ် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ် Twentynine Palms စစ်ရေးလေ့ကျင့်ရေးဧရိယာတွင် ပြုလုပ်ခဲ့သည့် အဆိုပါလေ့ကျင့်မှုတွင် အမှတ်(၁)နှင့် အမှတ်(၂) မရိန်းတပ်မများမှ တပ်ဖွဲ့ဝင်များပါဝင်ခဲ့ကြပြီး အသေးစား မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို တိုက်ဖျက်ရန် ရိုင်ဖယ်သေနတ်များ၊ ပြောင်းချောသေနတ်များနှင့် လက်ပစ်ဗုံးပစ်လောင်ချာများကို အသုံးပြုလေ့ကျင့်ခဲ့ကြသည်။

မရိန်းတပ်ဖွဲ့ဝင်များသည် မီတာ ၂၀ အကွာအဝေးထိ နီးကပ်လာသော ဒရုန်းပစ်မှတ်များကို တိုက်ဖျက်လေ့ကျင့်ခဲ့ကြပြီး အဆိုပါပစ်မှတ်များသည် တစ်နာရီလျှင် ၁၄၅ ကီလိုမီတာ ထိ အမြန်နှုန်းဖြင့်ပျံသန်းသည့်ပုံစံများဖြင့် စမ်းသပ်ခဲ့ကြသည်။

ပစ်ခတ်လေ့ကျင့်မှုများအပြင် တပ်ဖွဲ့ဝင်များသည် တိုက်ပွဲအခြေအနေများကို ပုံစံတူယူထားသည့် အဆောက်အအုံ ရှင်းလင်းရေးနှင့် ကင်းလှည့်လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်ခဲ့ပြီး စစ်မြေပြင်အတွင်း အသေးစားဒရုန်း ခြိမ်းခြောက်မှုများကို ရှာဖွေဖော်ထုတ်ကာ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းကို စမ်းသပ်ခဲ့ကြကြောင်း သိရသည်။

ဒရုန်းတန်ပြန်ရေး လေ့ကျင့်မှုများကို အနာဂတ်မရိန်းတပ်ဖွဲ့၏ အဆင့်မြင့်လေ့ကျင့်မှုအစီအစဉ်များတွင် ထည့်သွင်းသွားရန် မျှော်မှန်းထားသည်။

၎င်းတွင် ဒရုန်းရန်ကာကွယ်ရေးဆိုင်ရာနည်းဗျူဟာများ၊ နည်းစနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုကျယ်ပြန့်သော မရိန်းတပ်ဖွဲ့လေ့ကျင့်မှုများအတွင်း ပေါင်းစပ်ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေ့ကျင့်မှုတွင် ပါဝင်ခဲ့သည့် မရိန်းတပ်ဖွဲ့ဝင်များသည် ရရှိခဲ့သော ကျွမ်းကျင်မှုများကို မိမိတို့၏သက်ဆိုင်ရာ တပ်ဖွဲ့များသို့ ပြန်လည်မျှဝေပေးသွားမည် ဖြစ်ပြီး ရှေ့တန်းတပ်ဖွဲ့ဝင်များအနေဖြင့် တပ်စုအဆင့်တွင် ရရှိပြီးသားလက်နက်များကိုအသုံးပြုကာ ဒရုန်းများကို တုံ့ပြန်နိုင်မည့် နည်းလမ်းရွေးချယ်စရာများ ပိုမိုရရှိလာမည်ဖြစ်သည်။

အမေရိကန် မရိန်းတပ်ဖွဲ့၏ ယခုလေ့ကျင့်မှုသည် ဈေးနှုန်းသက်သာပြီး အလွယ်တကူ ဖြန့်ကြက်အသုံးပြုနိုင်သည့် ဒရုန်းများသည် စစ်မြေပြင်ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာနေခြင်းနှင့်အတူ ဒရုန်းတန်ပြန်ရေးစွမ်းရည်ကို အထူးပြုစနစ်များ အဆင့်တွင်သာမက တပ်ဖွဲ့ဝင်အဆင့်အထိ ဖြန့်ကြက်တည်ဆောက်ရန် လိုအပ်လာကြောင်း ပြသနေသည်။ အထူးသဖြင့် ရှိပြီးသား ရိုင်ဖယ်၊ ပြောင်းချောသေနတ်နှင့် လက်ပစ်ဗုံးပစ်လောင်ချာများကို အသုံးချ၍ ဒရုန်းခြိမ်းခြောက်မှုကို တုံ့ပြန်နိုင်စွမ်း တိုးမြှင့်ခြင်းသည် ကုန်ကျစရိတ်နှင့်တုံ့ပြန်ချိန် နှစ်ရပ်စလုံးကို လျှော့ချနိုင်မည့် လက်တွေ့ကျသော နည်းလမ်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်စစ်မြေပြင်တွင် ဒရုန်းတန်ပြန်ရေးသည် သီးခြားလက်နက်စနစ်တစ်ခု၏ တာဝန်သာ မဟုတ်တော့ဘဲ တပ်ဖွဲ့ဝင်တိုင်း၏အခြေခံ တိုက်ခိုက်ရေးစွမ်းရည် တစ်ရပ်အဖြစ် ပြောင်းလဲလာနိုင်ကြောင်း ယခုလေ့ကျင့်မှုက ထင်ရှားစွာ ဖော်ပြနေကြောင်း သိရသည်။

US Marines Train to Counter Drones With Standard-Issue Weapons ကို ဘာသာပြန်ဆိုထားပါသည်။

# ယူကရိန်းနိုင်ငံက ရုရှား၏ပဲ့ထိန်းဒုံးကျည်များကိုတားဆီးရန် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များ လိုအပ်ချက်မြင့်တက်လာ

ယူကရိန်းနိုင်ငံသည် ရုရှား၏ ပဲ့ထိန်းဒုံးကျည်များကို တားဆီးရန် အဓိကအသုံးပြုနေရသည့် အမေရိကန်ထုတ် Patriot ကြားဖြတ် တိုက်ခိုက်ရေးဒုံးကျည်များ လိုအပ်ချက်မြင့်တက်လာကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၁၆ ရက်တွင် ရေးသားဖော်ပြထားသည်။

Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ရုရှား၏ ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်သည့် ယူကရိန်း၏ အရေးကြီးဆုံး ကာကွယ်ရေးစနစ်များ အနက်တစ်ခုဖြစ်သည်။ သို့သော် လက်ရှိတွင် ၎င်းစနစ်အတွက် အသုံးပြုရသည့် ကြားဖြတ်ဒုံးကျည်များ လျော့နည်းလာခြင်းကြောင့် ရုရှား၏ဒုံးကျည်တိုက်ခိုက်မှုများကို ယခင်ကဲ့သို့ထိရောက်စွာ တားဆီးနိုင်ရန် အခက်အခဲများဖြစ်ပေါ်နေသည်။

အထူးသဖြင့် ရုရှားတပ်ဖွဲ့များက ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များနှင့် ဒရုန်းများကို ပေါင်းစပ်အသုံးပြု၍ ယူကရိန်းနိုင်ငံ၏ မြို့ကြီးများနှင့် အရေးကြီးသည့် အခြေခံအဆောက်အအုံများကို တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာနေသည်။ ထိုသို့သော တိုက်ခိုက်မှုများကို တားဆီးရန်အတွက် ယူကရိန်းဘက်က လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အဆက်မပြတ် အသုံးပြုနေရသဖြင့် ကြားဖြတ်ဒုံးကျည်များ ပိုမိုမြန်ဆန်စွာ ကုန်ဆုံးလာခြင်းဖြစ်သည်။

ယခုနှစ် ဩဂုတ်လအစောပိုင်းတွင် ရုရှားက ယူကရိန်းနိုင်ငံအပေါ် ပြုလုပ်ခဲ့သည့် ဒုံးကျည်တိုက်ခိုက်မှုများအတွင်း ယူကရိန်းလေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့များသည် ရုရှား၏ ပဲ့ထိန်း ဒုံးကျည်အချို့ကို ကြားဖြတ်ပစ်ချနိုင်ခြင်း မရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ ယူကရိန်းသမ္မတ Volodymyr Zelenskyy ကလည်း Patriot ဒုံးကျည်များ လိုအပ်ချက်မှာ အလွန်အရေးကြီးနေပြီး မဟာမိတ်နိုင်ငံများထံမှ အမြန်ဆုံး ဖြည့်ဆည်းပေးရန် တောင်းဆိုထားသည်။

ယူကရိန်း၏ အခက်အခဲမှာ Patriot စနစ်များကိုယ်တိုင်မရှိခြင်းထက် ထိုစနစ်များတွင် အသုံးပြုရသည့် ကြားဖြတ် ဒုံးကျည်များ လုံလောက်စွာမရရှိခြင်း ဖြစ်သည်။ Patriot စနစ်များသည် ပဲ့ထိန်း ဒုံးကျည်များကို တားဆီးရာတွင် အရေးပါသော်လည်း ကြားဖြတ်ဒုံးကျည်များ မလုံလောက်ပါက စနစ်များရှိနေသော်လည်း အပြည့်အဝ အသုံးချနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ယူကရိန်းသည် Patriot အပြင် SAMP/T၊ NASAMS နှင့် အခြားသော လေကြောင်းရန် ကာကွယ်ရေးစနစ်များ အတွက်လည်း ဒုံးကျည်များ ထပ်မံရရှိရန် မဟာမိတ်နိုင်ငံများထံ တောင်းဆိုနေသည်။ တစ်ချိန်တည်းတွင် အမေရိကန်နှင့် ယူကရိန်းတို့သည်ရှိပြီးသား S-300 ဒုံးကျည်များကို ပြန်လည်ပြုပြင်အသုံးပြုခြင်း သို့မဟုတ် အသစ်ထုတ်လုပ်ခြင်းဖြင့် Patriot ဒုံးကျည်များအပေါ် မှီခိုနေရမှုကို လျှော့ချရန် ကြိုးပမ်းနေကြောင်းလည်း သတင်းများ ထွက်ပေါ်ထားသည်။



လက်ရှိအခြေအနေသည် ခေတ်သစ်စစ်ပွဲတွင် လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုပိုင်ဆိုင်ထားရုံသာမက ထိုစနစ်များအတွက် အသုံးပြုရမည့် ကြားဖြတ် ဒုံးကျည်များကို အမြဲတမ်း လုံလောက်စွာ ဖြည့်တင်းထားနိုင်ရေးသည်လည်း အလွန် အရေးကြီးကြောင်းပြသနေသည်။

ရုရှား၏ ပဲ့ထိန်းဒုံးကျည်တိုက်ခိုက်မှုများ ဆက်လက်ပြင်းထန်လာပါက Patriot ဒုံးကျည်များ ရှားပါးမှုသည် ယူကရိန်း၏ အရေးကြီးသည့်မြို့များနှင့် အခြေခံအဆောက်အအုံများကို ကာကွယ်နိုင်စွမ်းအပေါ် ပိုမိုသက်ရောက်လာနိုင်ကြောင်း သိရသည်။

Ukraine's U.S.-Made Patriot Missile Shortage Strains Air Defenses as Russia Intensifies Ballistic Strikes ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# မြစိမ်းကတ္တီပါ ကော်ဇောမှာဝယ် စုန်ကာဆန်ချီလို့ကူ ပြည်သူများအတွက် DEMU

မြန်မာ့မီးရထားလုပ်ငန်း၏ ပို့ဆောင်ရေးကဏ္ဍသည် မျက်မှောက်ကာလ၌ လွန်စွာတိုးတက်ပြောင်းလဲလာသည်ဟုဆိုရမည်။ တိုးတက်လာမှုနှင့်အတူ ပြည်သူတို့၏ ခရီးသွားလာမှုများ၌လည်း များစွာအထောက်အကူပြုနေပြီဖြစ်သည်။ ယနေ့ပြည်သူများကြားတွင် တစိမ့်စိမ့်နှင့်ထိုးဖောက်လာနိုင်သည်မှာခေတ်မီ DEMU (Diesel Electric Multiple Unit) ရထားများပင်ဖြစ်၏။ ခရီးသွားပြည်သူများလည်း ပိုမိုစိတ်ဝင်စားလာကြသည်။ စာရေးသူလည်း အခါအခွင့်ကြုံ၍ စီးနင်းဖြစ်သည်။ ခေတ်မီလာသည့်DEMU နှင့်အတူ အခြားသောဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာ့

**❖ DEMU ရထားသည်ခေါင်းတွဲမှစ၍ တွဲအားလုံးအတွင်းအပြင် သန့်ရှင်းရေးကောင်းမွန်သည်။ ရထား၏တောက်ပြောင်သန့်ရှင်းမှုသည် လူတစ်ယောက်ပုံစံနှင့်ပြောလျှင် smart ကျသည်ဟုအနီးစပ်ဆုံးပြောရမည်။ အတွင်းခန်းထဲတွင် လေအေးပေးစက်များကြောင့် အေးစိမ့်နေသလို သန့်ရှင်းရေးလည်းကောင်းမွန်သည်။ ပထမတန်း၊ အထက်တန်းဟူ၍ရှိပြီး သန့်ရှင်းသပ်ရပ်မှုများမှာ ခရီးသည်များကို အပြည့်အဝဆွဲဆောင်ထား၏။ ရထားလက်မှတ်ပြလျှင် ခရီးသွားများလိုက်ပါစီးနင်းရမည့်အတွဲနှင့် စောင့်ဆိုင်းရမည့်စကြံနေရာကို ဘူတာမှဝန်ထမ်းများက စေတနာထားညွှန်ပြပေးသေးသည်။ သွားဖူးနေကျ ခရီးသည်များအတွက် မလိုအပ်သော်လည်း စီးဖူးလေ့မရှိသည့်ခရီးသည်များအတွက် အတော်လေးအထောက်အကူရသောဝန်ဆောင်မှုတစ်ခုဖြစ်သည်။ ❖**

မီးရထားလုပ်ငန်း၏ပြင်ဆင်ထားရှိမှု၊ လိုက်ပါစီးနင်းလာသည့် ခရီးသည်များ၏လူမှုဘဝမြင့်မားလာမှုပုံစံစသောရလဒ်ကောင်းများကို စာရေးသူမျက်ဝါးထင်ထင်မြင်တွေ့ခဲ့သည်။ စာရေးသူ၏အတွေ့အကြုံလေးကို အတူလေ့လာကြည့်ကြပါမည်။

**DEMUပေါ်မှ မြင်ကွင်းများ**

စာရေးသူကိစ္စတစ်ခုနှင့် နေပြည်တော်မှရန်ကုန်သို့ခရီးထွက်ခဲ့သည်။ ဝသန်မိုးရိပ်နှင့်အတူ လေပြည်လေးများက ခပ်သိမ့်သိမ့်လေး တိုက်ခတ်နေ၏။ နေပြည်တော်ဘူတာစကြံတွင် ဘူတာစဉ်တစ်လျှောက်လိုက်ပါမည့်ခရီးသည်များ DEMU ရထားကြီးကို စောင့်ဆိုင်းနေကြသည်။ ရထားဥသြဆွဲသံနှင့်အတူ ဘူတာရုံရပ်ဝန်း၏ မနီးမဝေးတစ်နေရာမှ DEMU ရထားကြီးမှာ ဘူတာထဲသို့ သတ်မှတ်ရထားလမ်းအတိုင်း ဆိုက်ရောက်လာ၏။ DEMU ရထားသည် အချိန်ကိုက် ဘူတာရပ်ဝန်းတွင် နေရာယူသည်။ သတ်မှတ်ချိန်ရောက်မှ ရထားတံခါးကိုဖွင့်ပေးသည်။ ရထားတံခါးဖွင့်မှသာ ခရီးသည်များအားလုံး ကိုယ့်နေရာကိုယ် တက်ခွင့်ရသည်။ ခရီးသည်များအားလုံးသည် လက်မှတ်ကို အင်တာနက်မှကြိုတင်ဝယ်ယူရ၏။ ဝယ်ယူပြီးဘူတာရုံတွင် တာဝန်ရှိသူများက စစ်ဆေးကာ လက်မှတ်ဖြတ်ပိုင်းလေး ထုတ်ပေး၏။ ထိုလက်မှတ်ပြ၍ စီးနင်းခွင့်ရကြသည်။

DEMU ရထားသည်ခေါင်းတွဲမှစ၍ တွဲအားလုံးအတွင်းအပြင် သန့်ရှင်းရေးကောင်းမွန်သည်။ ရထား၏ တောက်ပြောင်သန့်ရှင်းမှုသည် လူတစ်ယောက်ပုံစံနှင့်ပြောလျှင် smart ကျသည်ဟုအနီးစပ်ဆုံးပြောရမည်။ အတွင်းခန်းထဲတွင် လေအေးပေးစက်များကြောင့် အေးစိမ့်နေသလို သန့်ရှင်းရေးလည်းကောင်းမွန်သည်။ ပထမတန်း၊ အထက်တန်းဟူ၍ ရှိပြီး သန့်ရှင်းသပ်ရပ်မှုများမှာ ခရီးသည်များကို အပြည့်အဝဆွဲဆောင်ထား၏။ ရထားလက်မှတ်ပြလျှင် ခရီးသွားများ လိုက်ပါစီးနင်းရမည့်အတွဲနှင့် စောင့်ဆိုင်းရမည့်စကြံနေရာကို ဘူတာမှဝန်ထမ်းများက စေတနာထားညွှန်ပြပေးသေးသည်။ သွားဖူးနေကျ ခရီးသည်များအတွက် မလိုအပ်သော်လည်း စီးဖူးလေ့မရှိသည့်ခရီးသည်များအတွက် အတော်လေးအထောက်အကူရသော ဝန်ဆောင်မှုတစ်ခုဖြစ်သည်။

စာရေးသူလိုက်ပါလာသောDEMUရထားကြီးမှာ နေပြည်တော်ဘူတာမှ ရန်ကုန်မြို့သို့ တရွေ့ရွေ့စတင်ထွက်ခွာလေပြီ။ ထိုင်ခုံများအထက်တွင် အိတ်တင်စင်ကိုတပ်ဆင်ထား၏။ ထိုင်ခုံများကို အစွပ်များတပ်ဆင်ထားသည်။ လိုက်ပါစီးနင်းသူများကို သက်သောင့်သက်သာဖြစ်စေသည်။ ထိုင်ခုံများအနီး ခရီးသည်များ ရှာဖွေရလွယ်ကူစေရန် ထိုင်ခုံနံပါတ်များကိုကပ်ထားပေး၏။ တွဲတိုင်း၏ ရှေ့နောက်နေရာတွင် သတ်မှတ်ထားသည့် ဆိုက်ရောက်ဘူတာစဉ်ကို LEDScreen ဖြင့်ပြသထားသည်။ မှန်ပြတင်းတံခါးများတွင် ခရီးသည်များနေပူဒဏ်မခံရစေရေး နေကာရန်လိုက်ကာများကို တပ်ဆင်ပေးထားသေး၏။ စထွက်သည်နှင့်ဆိုက်ရောက်မည့်ဘူတာအမည်၊ ခုတ်မောင်းချိန်ကိုအမျိုးသမီးလေး၏အသံချိုချိုလေးဖြင့်ကြေညာပေးသေးသည်။

သည့်အပြင် ရထားအတွင်း အရက်သေစာမသောက်စားရန်၊ ဆေးလိပ်မသောက်ရန်၊ ကွမ်းမစားရန်၊ ကျန်ခရီးသွားများ စိတ်အနှောင့်အယှက်မဖြစ်စေရန် လိုက်ပါစီးနင်းစေရေးစသည့် စည်းကမ်းများကို အခါမလပ် ကြေညာပေးသကဲ့သို့ လိုက်ပါဆောင်ရွက်မှုမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ကိုလည်း အသံချိုချိုလေးနှင့် နားဝင်ချိုအောင်ကြေညာပေးသေးသည်။ ခေတ်မီစွာနေလိုလျှင်သန့်ရှင်းသပ်ရပ်စွာနေထိုင်တတ်ဖို့ စည်းကမ်းကိုလိုက်နာဖို့လိုအပ်သည်။ ထို့ကြောင့် ဥပဒေနှင့် ပြည်သူကို ထိန်းကျောင်းပေးထားသည်။ စာရေးသူအနေနှင့် လွန်စွာသဘောကျ၏။

သတ်မှတ်ရပ်နားဘူတာသို့ရောက်ရန် ၁၀ မိနစ်ခန့်အလိုတွင် အမျိုးသမီးလေး၏အသံချိုချိုလေးနှင့် နှိုးဆော်သံကိုကြားရပြန်သည်။ ဆိုက်ရောက်မည့်ဘူတာအမည်၊ ရပ်နားရန်ကြာချိန်၊ ရထားပြန်ထွက်လျှင် တံခါးအနီးမနေကြစေရေး စသည့်စည်းကမ်းများနှင့် ရထား၏လုပ်ဆောင်ချက်များကို ခရီးသွားပြည်သူများ မပြတ်သိရှိစေရေး အဆက်မပြတ်ကြေညာပေးသည်။ သတ်မှတ်ဘူတာစဉ်ရပ်နားရန်ကြာချိန်မှာ ၂ မိနစ်ပေးထား၏။ ခရီးသည်များအတက်အဆင်းအတွက် အလောတကြီးဖြစ်နိုင်သော်လည်း ဘူတာခရီးစဉ်အဆုံးအတွက်အမြန်ဆုံးအချိန်ကိုဦးစားပေးထားသည်။ လျင်မြန်မှုကိုဦးစားပေးထားသည်ဟုဆိုရမည်။

တွဲများကြားနေရာအချို့တွင် ခရီးသည်များကျန်းမာရေးအတွက် Toiletများကို ထားရှိပေးထားသည်။ ခရီးသည်များ အဆင့်အတန်းမြင့်မြင့်နှင့် ကျန်းမာရေးကိစ္စ ဆောင်ရွက်နိုင်ရန် သန့်ရှင်းမှု၊ ခေတ်မီမှုများဖြင့် စီစဉ်ပေးထားသည်။ Toiletအတွင်း ကျန်းမာရေးကိစ္စဆောင်ရွက်ပြီးစီးပါက လုပ်ဆောင်ရမည့်ခလုတ်များတွင်လည်း မည်သို့လုပ်ဆောင်ရန်ဆိုသည်ကို မြန်မာဘာသာနှင့်ရေးပြီး စတေကာကပ်ထားပေးသည်။ အတန်းပညာအနည်းငယ်ရှိလျှင်ပင်ဟန်မပျက်လုပ်ဆောင်နိုင်သည့်အဆင့်အထိ စီစဉ်ပေးထား၏။ ပြည်သူ့ခရီးသွားဝန်ဆောင်မှုကို အခြေခံအကျဆုံးအထိစဉ်းစားပြီးဆောင်ရွက်ပေးထားသည်ကို ပေါ်လွင်စွာမြင်တွေ့ရသည်။

**DEMUနှင့် မြန်မာ့မီးရထားဝန်ထမ်းများ**

စာရေးသူ နေပြည်တော်ဘူတာရောက်ချိန်ကတည်းက ဝန်ထမ်းများအားလုံးကို သတိထားကြည့်မိသည်။ မြန်မာ့မီးရထားဝန်ထမ်းဝတ်စုံကို သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားကြ၏။ ခရီးစဉ်တွင် လိုက်ပါမည့်ဝန်ထမ်းများသည်ပို၍ပင် smart ကျန ၏။ မသိနားမလည်သော ခရီးသွားပြည်သူများကို စကြံအစ၊ တက်ရမည့်တွဲအဆုံး၊ ဤတွဲသည် မည်သည့်စကြံနေရာရောက်မည်ဆိုသည်အထိပင် ညွှန်ပြပြီး ဝန်ဆောင်မှုပေးကြသည်။ ဘူတာတွင် လက်မှတ်ဖြတ်ပိုင်းကို ဝန်ထမ်းတစ်ဦးကတစ်ဦးချင်း စစ်ဆေးပေးသည်။

ရထားခရီးစဉ်တစ်လျှောက် ထမင်းစားချိန်၊ လက်ဖက်ရည်သောက်ချိန် စသောအချိန်များ၌အချိန်ကိုက်ဘီးတပ်လှည်းလေးဖြင့် တွဲများပေါ်တွင်ထမင်း၊ ကြာဆံမုန့်မျိုးစုံ၊ ရေသန့်၊ အချိုရည်၊ ကော်ဖီမျိုးစုံကို လိုက်လံရောင်းချပေးသည်။ သူများမှာ မြန်မာ့မီးရထားမှ ဝန်ထမ်းများသာဖြစ်သည်။ သူတို့သည်လည်း ယူနီဖောင်းအပြည့်အစုံ Smart ကျကျဝတ်ထားကြ၏။ အနီးစပ်ဆုံးမြင်အောင်ပြောရလျှင် လေယာဉ်မယ်လေးများပုံစံဟုပြောလျှင် ကွက်ကွက်ကွင်းကွင်း မြင်ကြလိမ့်မည်။ ထိုဝန်ထမ်းလေးများမှာ အမျိုးသမီးလေးများဖြစ်သည်။ ဆံနွယ်ထုံးဖွဲ့မှုကအစယူနီဖောင်းကို သပ်ရပ်စွာဝတ်ဆင်ထားကြသည်။

တွဲအလိုက်အမှိုက်ပုံးများစီစဉ်ပေးထားသကဲ့သို့ ပလတ်စတစ်အိတ်ကြီးတစ်လုံးနှင့် အခါအားလျော်စွာ အမှိုက်စွန့်ပစ်နိုင်ကြောင်း ခရီးသွားပြည်သူများ၏ ထိုင်ခုံများအထိ လိုက်လံအမှိုက်သိမ်းပေးသည်။ သတ်မှတ်နေရာအလိုက် လက်မှတ်စစ်သည်။ လုံခြုံရေးမီးရထားရဲများမှ လိုက်ပါစီးနင်းသည့် ခရီးသည်များကို မှတ်ပုံတင်စစ်ဆေးသလို အခြားသောလုံခြုံရေးအတွက် လုပ်သင့်သည်များကို လုံခြုံရေးရှုထောင့်စုံမှလုပ်ကြသည်။ အကြောင်းမှာ ခရီးသည်များ လုံခြုံရေးအတွက်ပင်ဖြစ်သည်ဟုသာ အားလုံးနားလည်ကြရမည်။

DEMU ရထား၏ခရီးအစသည် ရန်ကုန်မြို့ပတ်ရထားဖြစ်၏။ ဒုတိယသည် ရန်ကုန်-မန္တလေးခရီးစဉ်ဖြစ်ပြီး ယခုအခါ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှု ပြည်ထောင်စုဝန်ကြီး၏အနီးကပ်ကြီးကြပ်မှုနှင့် မော်လမြိုင်၊ ပြည် စသောလမ်းပိုင်းများအထိတိုးချဲ့ပြေးဆွဲနေပြီဟုသိရသည်။ ငယ်ရွယ်သူအမျိုးသမီးဝန်ထမ်းလေးများအတွက် လမ်းဆုံးဘူတာများတွင် နေရာထိုင်ခင်းများကို စည်းကမ်းစနစ်တကျဖြင့်စီစဉ်ပေးထားကြောင်း သူတို့ချင်းပြောဆိုမှုများက သိခွင့်ရခဲ့သည်။ ခရီးစဉ်တိုးချဲ့ပြေးဆွဲမှုများနှင့်အတူ ဝန်ထမ်းသစ်များခေါ်ယူထားသည်ကိုလည်း သိခွင့်ရခဲ့၏။

**ရထားတစ်စင်းလုံးအတွက် လုံခြုံရေးရထားပေါ်တွင်လိုက်ပါလာသော ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်အတွက် လုံခြုံရေး စသည့်လုံခြုံရေးစနစ်ကောင်းတစ်ခုကို ခရီးသည်များအတွက် ခရီးစဉ်အစအဆုံး ဆောင်ရွက်ပေးထားကြောင်းကိုလည်း စာရေးသူအသိပေးလိုသည်။** DEMU နှင့်အတူ နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံတော်အစိုးရတို့၏ပြည်သူ့လုံခြုံရေးအတွက် အခြေခံအကျဆုံးအထိ စဉ်းစားဆောင်ရွက်ပေးထားသည်ကို သိမြင်ကြရမည်ဖြစ်သည်။

DEMUနှင့်ခရီးသွားပြည်သူများရထားလက်မှတ်ဈေးနှုန်းသည် လူတန်းစားအသီးသီးအတွက် ယနေ့ငွေကြေးအခြေအနေများနှင့်စီးနင်းနိုင်သည့် ဈေးနှုန်းတစ်ခုအဖြစ်တွေ့မြင်ရသည်။ အဆင့်မီ DEMU ရထားပေါ်ရောက်သည်နှင့် သတ်မှတ်စည်းကမ်းများမှာ လူတန်းစားအသီးသီးအတွက် အဆင့်အတန်းမြင့်မားစွာ လိုက်ပါစီးနင်းရမည်ဆိုသည့်အတွေးတစ်ခုကို ဝင်ရောက်စေသည်။ ထိုအတွေးနှင့်လျော်ညီစွာ ကိုယ်စိတ်ဂုဏ်သိက္ခာကိုထိန်းရင်း မဖြစ်မနေစီးနင်းရတော့မည်။ ဤသို့အလိုအလျောက် စိတ်စီးမျောသွားစေသော စီစဉ်ထားမှုကိုလည်း စာရေးသူသဘောကျသည်။

**❖ DEMUနှင့် ခရီးသွားပြည်သူများ ရထားလက်မှတ်ဈေးနှုန်းသည် လူတန်းစားအသီးသီးအတွက် ယနေ့ငွေကြေးအခြေအနေများနှင့် စီးနင်းနိုင်သည့် ဈေးနှုန်းတစ်ခုအဖြစ် တွေ့မြင်ရသည်။ အဆင့်မီ DEMU ရထားပေါ်ရောက်သည်နှင့် သတ်မှတ်စည်းကမ်းများမှာ လူတန်းစားအသီးသီးအတွက် အဆင့်အတန်းမြင့်မားစွာ လိုက်ပါစီးနင်းရမည်ဆိုသည့် အတွေးတစ်ခုကို ဝင်ရောက်စေသည်။ ❖**

ကွမ်းစားသူများ၊ ဆေးလိပ်သောက်သူများ ထိုရထားပေါ်တွင် ချင်ခြင်းတက်သည့်စိတ်ကိုအနည်းဆုံးတော့ချုပ်တည်းရသည်။ သောက်သောက်စားစား ခရီးသွားပုံစံလုပ်၍မရ၊ နိုင်ငံကြီးသားပီသစွာဟန်ကြီးတစ်ခွဲသားနှင့် လိုက်ပါစီးနင်းရ၏။ စာရေးသူလိုက်ပါလာသည့်အတွဲရှိ ခရီးသည်များကို ဤဟန်အတိုင်းမြင်နေရသည်။

စာမျက်နှာ ၁၁ သို့ ➤

# ကမောက်ကမ သမီးယောက်မ ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN Channel က ဩဂုတ် ၂၃ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်




ရန်ကုန် ဩဂုတ် ၁၈

ကမောက်ကမသမီးယောက်မ အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN Channel က ဩဂုတ် ၂၃ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင်ဖြိုးဖြိုးထွေးက ပြောပြ၍ သိရသည်။

အဆိုပါ ကမောက်ကမ သမီးယောက်မ ရုပ်ရှင်ဇာတ်ကားသည် နတ်စောင်း (ကျိုက်ထို)၏ ဝတ္ထုဇာတ်လမ်းကို နတ်စောင်း (ကျိုက်ထို)နှင့် ရွှန်းမိမိထက်တို့က ဇာတ်ညွှန်း ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာကိုဇော် (အရုဏ်ဦး) က သက်တန့်အိမ် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားသည့် အချစ်ဟာသ ဇာတ်ကားတစ်ကားလည်း ဖြစ်ကာ CANAL+ ZAT LENN Channel မှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ကြောင်း သိရသည်။

"၂၀၂၂ ခုနှစ် ဇွန်လတုန်းက ရုံတင်ထားတဲ့ရုပ်ရှင်ဇာတ်ကားပါ။ ရုံတင်ချိန်ကလဲ ပရိသတ်တွေ အားပေးမှုရခဲ့တဲ့ ဇာတ်ကားလေးပါ။ မကြည့်လိုက်ရသေးတဲ့ ပရိသတ်တွေနဲ့ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအနေနဲ့ CANAL+ ZAT LENN Channel ကနေ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ အချစ်ဟာသဇာတ်မြူးလေးပါ"ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင်ဖြိုးဖြိုးထွေးက ပြောပြသည်။

အဆိုပါ ကမောက်ကမ သမီးယောက်မ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ပြေတီဦး၊ မနော၊ ခင်လှိုင်၊ မွန်လေး၊ ဆင်မ၊ အောင်ခိုင်၊ ခိုင်သင်းကြည်၊ တက္ကသိုလ်ဂွမ်းပုံ၊ သင်ဇာဝင့်ကျော်၊ ဖြိုးဖြိုးထွေး၊ ဝါဝါအောင်၊ မျိုးမျိုးခိုင်နှင့် အခြား အနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို လာမည့်ဩဂုတ် ၂၃ ရက် တနင်္ဂနွေနေ့ ည ၇ နာရီ မိနစ် ၃၀ အချိန်တွင် CANAL+ ZAT LENN Channel မှ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သရုပ်ဆောင် ဖြိုးဖြိုးထွေးက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# Tangled ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ကိုင်ထရီရိုနာဘယ်ဖီ ပါဝင်မည်

နယူးယောက် ဩဂုတ် ၁၈

ဒစ္စနီးကုမ္ပဏီ၏ Tangled အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ကိုင်ထရီရိုနာဘယ်ဖီ ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၇ ရက် သတင်းများအရ သိရသည်။

မင်းသမီး ကိုင်ထရီရိုနာဘယ်ဖီသည် Outlander ဇာတ်ကားဖြင့် နာမည်ရလာသူ မင်းသမီးဖြစ်သည်။

Tangled ဇာတ်ကားတွင် ကိုင်ထရီရိုနာဘယ်ဖီသည် မင်းသမီး တေဂေနဲရော့၊ မင်းသား မီလိုမင်းဟိမ်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ဒစ္စနီး၏ Tangled (2010) ကွန်ပျူတာ အင်နီမေးရှင်းဇာတ်ကားကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြောင်းလဲရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Tangled ရုပ်ရှင်ဇာတ်ကားတွင် ကိုင်ထရီရိုနာဘယ်ဖီသည် ကိုရိုနာဘုရင့်နိုင်ငံ၏ ဘုရင်မ အာရီယာနာအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

Tangled ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ဂရေဆေးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ ဂျင်နီဖာကေတင်ရော့ဘ်ဆင်က ရေးသားပေးထားသည်။

Ref : Russia Today

Trs : KKO



➤ စာမျက်နှာ ၁၀ မှအဆက်

ခေတ်မီမီနေချင်လျှင် ဤသို့စည်းကမ်းရှိဖို့လိုသည်။ စည်းကမ်းသည် စာသက်သက်မဟုတ်၊ စကားလုံးသက်သက်မဟုတ်၊ လိုက်ပါကျင့်ကြံရမည့် အကျင့်တရားဖြစ်သည်။ DEMU ရထားကြီး၏ သွန်သင်ဆုံးမမှုများက လူတစ်ဦးချင်းစီအတွက် ကျန်းမာရေး၊ လူနေမှုပုံစံမြင့်မားရေးအတွက် ကျောင်းတစ်ကျောင်းလိုပင် မြင်တွေ့နေရသည်။ စာရေးသူလွန်စွာသဘောကျ၏။

ရထားပေါ်တွင် အချင်းချင်းဖေးမကူညီကြသည်။ အလုပ်တူကြသူများ၊ လုပ်ငန်းဆက်စပ်မှုရှိသူများ အချင်းချင်းစကားလက်ဆုံကျကြသည်။ ထိုင်ခုံနီးစပ်သော်လည်း လမ်းဆင်းဘူတာမတူကြသည့်အခါ နှုတ်ဆက်ပြီး လမ်းခွဲခဲ့ကြသည်။ ခရီးဆုံးသူက နှုတ်ဆက်၊ ခရီးဆက်ရန်ကျန်သည့်သူက ဆက်သွားဆိုသည့် မြင်ကွင်းကိုမြင်ခဲ့ရသည်။ သတ္တလောက သဏ္ဍာန်ရသဘောကို DEMU ပေါ်မှနေ၍မြင်တွေ့နိုင်သေးသည်။ ပွားများတတ်လျှင် ဘာဝနာပင်။

**DEMUပေါ်မှ မြင်တွေ့ရသောမြို့ပြ ကျေးလက်သဘာဝရှုခင်းများ**

စာရေးသူလိုက်ပါလာသော ခရီးစဉ်သည် နေပြည်တော်-ရန်ကုန်ခရီးစဉ်ဖြစ်သည်။ ထို့အတွက် မြေပြန့်ဒေသသဘာဝရှုခင်းများ၏လှပမှုအား ခံစားခွင့်ရခဲ့သည်။ ရန်ကုန်-မန္တလေးမီးရထားလမ်းမကြီး၏အစိတ်အပိုင်းဖြစ်သော နေပြည်တော်-ရန်ကုန် မီးရထားလမ်းမကြီးသည် အထက်မြန်မာပြည်၊ အောက်မြန်မာပြည်ကို ပေါင်းကူးဆက်သွယ်ပေးထားသည်ကို အားလုံးသိပြီးဖြစ်လိမ့်မည်။

DEMU ပေါ်မှအနောက်ဘက်သို့ လှမ်းမျှော်ကြည့်လျှင် မှိုင်းညို့နေသောအနောက်ရိုးမတောင်တန်းကြီးကိုလွမ်းမောဖွယ်မြင်တွေ့နေရ၏။ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လျှင် အရှေ့ရိုးမတောင်တန်းကြီးများကိုမှိုင်းညို့ညို့နှင့်တွေ့မြင်ရ၏။ မြေပြန့်လွင်ပြင်ဖြစ်၍ မြန်မာနိုင်ငံ၏စပါးကျီဒေသများဖြစ်တာနှင့်အညီ ဝသန်ခါနှင့် လိုက်ဖက်နေသော စိမ်းလဲ့လဲ့စပါးခင်းကြီးများကလည်း ရထားလမ်းကြီး၏ ဘယ်ညာတွင် လိုက်ပါပြေးလွှားနေသလိုပင်။ မိုးသက်လေပြည်ကို အားမြှင့်ပေးသော DEMU မီးရထား၏ပြေးနှုန်းတို့ကြောင့် စပါးခင်းများကလည်း စည်းချက်ညီညီ လိုက်ပါယိမ်းနွဲ့နေကြသေးသည်။

လမ်းခရီးတစ်လျှောက် မြန်မာ့ကျေးလက်ရှုခင်းသဘာဝ၊ မြန်မာလူမျိုးများ၏ မိရိုးဖလာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် မြန်မာလူမျိုးများ၏ ကျေးလက်ဓလေ့ဟန်များကို မြင်တွေ့ရသည်။ ရေအိုင်၊ ချောင်းငယ်များအတွင်းဝယ် ကြွဲတစ်သင်းတို့ကလည်း မြူးထူးပျော်ပါးနေကြသေးသည်။ တစ်ချက်တစ်ချက် DEMU ၏ ဥဩမြည်သံနှင့်အတူ စိမ်းလဲ့လဲ့စပါးခင်းများကြားက ဖြူလွှင့်လွှင့် ဗျိုင်းငယ်များကလည်း အုပ်သင်းဖွဲ့ပြီးစည်းချက်နဲ့အညီ ကောင်းကင်ထက်ကို ပျံဝဲကပြနေသလိုပင်။ DEMUမီးရထားကြီးမှာမှိုင်းပြာပြာတောင်တန်းနှစ်ခုကြားဝယ် မြစိမ်းရောင်ကတ္တီပါအခင်းပမာ စပါးခင်းများအကြား လိုရာခရီးကို ဦးတည်ခုတ်မောင်းနေလေသည်။ မြန်မာ့အလှမြန်မာ့ရှုခင်းသည် မြန်မာလူမျိုးတစ်ယောက်အတွက် မည်သို့မျှ ရိုးအီသွားနိုင်မည်မဟုတ်ပေ။ နိုင်ငံခြားသားခရီးသွားများအတွက်လည်း ဆွဲဆောင်မှုကောင်းတစ်ခုပင်ဖြစ်သည်။

စာရေးသူသတိတစ်ချက်ထားမိသည်။ ခရီးစဉ်အစအဆုံးတွင် DEMU မီးရထားကြီးသည် အပိုင်းနှစ်ပိုင်းကို ဖြတ်သန်းရသည်။ အပိုင်းတစ်ခုမှာ ကျေးလက်ဒေသအပိုင်းဖြစ်ပြီး နောက်တစ်ပိုင်းမှာ မြို့ပြဒေသပိုင်းဖြစ်သည်။ ကျေးလက်အပိုင်းမှန်သမျှ ဖြတ်သန်းမှုအပိုင်းတွင် မြင်ကွင်းအားလုံးသည် ပြည်တွင်းသာမက ပြည်ပခရီးသွားများအတွက် မျက်စိပသာဒဖြစ်စေသည်။ မြို့ပြအဝင်မီးရထားလမ်းသည် အများအားဖြင့် မြို့ပြ၏ ဆင်ခြေဖုံးရပ်ကွက်များ၊ အိမ်၊ တိုက်များ၏နောက်ကျောကို ဖြတ်သန်းတည်ဆောက်ထား၏။ မြို့ပြအဝင်မြင်ကွင်းများကို Green City, Clean City, SmartCity ဖြစ်အောင် ယခုထက် ပိုမိုဆောင်ရွက်ထားနိုင်လျှင် ပိုမိုကောင်းမွန်မည်ဟုထင်မိသည်။

မီးရထားကြီးလည်းခေတ်မီပြီ။ ရထားလမ်းပိုင်းများ၏ တောင့်တင်းမှုကလည်း DEMU ရထားကြီးကို ငြိမ်သက်လျင်မြန်စွာ ပြေးလွှားနိုင်စေရေး ထောက်ပံ့ပေးထားပြီးဖြစ်သည်။ ဘူတာရပ်ဝန်းများကလည်း သန့်ရှင်းသပ်ရပ်နေပြီဖြစ်သည်။ ကျေးလက်၊ မြို့ပြ မကျန် ရထားလမ်းဝဲယာတွင်လည်းသန့်ရှင်းသပ်ရပ်စွာဆောင်ရွက်ထား၏။ ရထားလမ်းတစ်လျှောက် မြန်မာ့ကျေးလက်အလှ၊ မြန်မာ့ရှုခင်းနှင့် မြန်မာ့မြို့ပြအလှကိုသည်ထက် ပိုမိုသန့်ရှင်းသပ်ရပ်ကြော့ရှင်းစွာပြသနိုင်လျှင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**ရန်ကုန်မြို့သို့ရောက်လေပြီ**

စာရေးသူစီးနင်းလာသော DEMU ရထားသည် နေပြည်တော်မှ ၁၂ နာရီခွဲထွက်၏။ ရန်ကုန်မြို့သို့ ညနေ ၅ နာရီခွဲခန့်တွင်ချောမွေ့စွာဆိုက်ရောက်သည်။ ကြေညာထားသည့် သတ်မှတ်အချိန်အတိုင်းပြေးဆွဲပေးနိုင်သည်။ ဤသည်မှာလည်း မြန်မာ့မီးရထားလုပ်ငန်း၏ ပကတိဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်၏။ ရန်ကုန်- မန္တလေးခရီးစဉ်တစ်လျှောက် ဘူတာတိုင်းမရပ်နားပေ။ ပျဉ်းမနား၊ တောင်ငူ၊ ဖြူး၊ ညောင်လေးပင်၊ ပဲခူး၊ တိုးကြောင်ကလေးဟူသည့် ကြားမြို့ဘူတာများတွင်သာ ခရီးသည်အတက်အဆင်းပြုလုပ်ပေးသည်။

အလုပ်ကိစ္စပြီးမြောက်လျှင် နေပြည်တော်သို့ ခရီးပြန်ဆက်ရပေဦးမည်။ အပြန်ခရီး၌လည်း DEMU ခေတ်မီရထားကြီးဖြင့် အဖော်ပြုရမည်သာဖြစ်သည်။ ခရီးသွားပြည်သူများက DEMU ရထားကို ပိုမိုစိတ်ဝင်စားလာကြ၏။ သွားလာမှုလည်းများလာကြသည်။ နိုင်ငံတော်အကြီးအကဲနှင့်နိုင်ငံတော်အစိုးရ၏ public Transportation ကို စီစဉ်ဆောင်ရွက်ပေးထားမှုမှာ ဆိုခဲစေမြဲစေဆိုသည့်အတိုင်း မြင်တွေ့ရသည်။

ပြည်သူတွေကတစ်ယောက်တက်၊ တစ်ယောက်ဆင်းစီးနင်း ကျောခိုင်းသွားကြသည်။ သို့သော် မြစိမ်းကတ္တီပါ ကော်ဇောပမာစိမ်းလန်းသောလယ်ကွင်းများကြားဝယ် ပြည်သူများ၏ခရီးသွားလာမှုအတွက် စုန်ကာဆန်ချီလို့ကူးရင်းပြည်သူများမှ အားကိုးရသော DEMU ခေတ်မီရထားများအဖြစ် ဆက်လက်တာဝန်ကျေပွန်နေဦးမည်သာ ဖြစ်ကြောင်း စာပန်းချီခြယ်လိုက်ရပါတော့သည်။ ။

ကျော်တေဇ(ဥက္ကလာ)

# President U Min Aung Hlaing holds meeting with President of Russian Federation Mr. Vladimir Putin



**President U Min Aung Hlaing holds meeting with President of the Russian Federation Mr. Vladimir Putin at the Grand Kremlin Palace.**

**Nay Pyi Taw August 18**

President of the Republic of the Union of Myanmar U Min Aung Hlaing, who is currently in the Russian Federation to pay an Official Visit, held a meeting with President of the Russian Federation Mr. Vladimir Putin at the Grand Kremlin Palace in Moscow at 3 pm local standard time today.

On arrival at the Grand Kremlin Palace where the meeting would be held, the Russian President cordially welcomed the President of Myanmar and they held a separate meeting.

Also present at the meeting were Union ministers and officials who accompany the President of Myanmar and the Myanmar Ambassador to the Russian Federation. The Russian President was accompanied by the Deputy Prime Minister of Russian Federation, the Minister of Foreign Affairs of the Russian Federation, an Aide to the President of the Russian Federation, and senior government officials, the Russian Ambassador to Myanmar and officials.


At the meeting, the President of the Russian Federation said that he is very pleased and delighted to have the opportunity to meet once again with President of the Republic of the Union of Myanmar U Min Aung Hlaing and his delegation. At present, Myanmar is experiencing flooding, and he expressed his sympathy and encouragement to the flood-affected people. Diplomatic relations between our two countries were established in 1948 and have continued to develop positively throughout history. Russian is grateful to Myanmar for its support for cooperation between Russia and ASEAN. They are actively cooperating on the international stage, and there is also a need to further enhance cooperation in the economic sector. Therefore, it is necessary to implement projects that can be undertaken through bilateral cooperation. Relations between the two coun-tries are also developing in the security sector. During Your Excellency's current visit to Russia, there are opportunities for discussions and study. He expressed his belief that during this visit, they will be able to hold detailed discussions on various areas of cooperation between the two countries and make progress in these areas. He expressed his pleasure for the opportunities to hold the meeting.

In response, the President of Myanmar stated that he is deeply pleased and honoured by the warm and cordial welcome extended to he and his entourage, and he expressed his sincere gratitude. He has visited Russia several times before, and this is my first visit since being elected as President. The two countries are actively cooperating across various fields, including international relations. Myanmar has been experiencing floods since last month. He is deeply grateful for Your Excellency's expression of sympathy and concern for the people of Myanmar. Myanmar also suffered significant losses in the Mandalay earthquake last year. They have not forgotten, to this day, that Your Excellency's side sent special teams and rescue teams at that time, and he expressed his gratitude once again. Cooperation between the two countries in various sectors is progressing rapidly, and there are many areas in which they can continue to cooperate in the future. He looks forward to discussing these matters in detail with Your Excellency. Myanmar's relations with the international community have also undergone changes and further developed, although there are still many areas in which they need to continue their efforts. Russia has provided support and


*See Page 14*



**President U Min Aung Hlaing shakes hands with President Mr. Vladimir Putin.**



**President U Min Aung Hlaing and President Mr. Vladimir Putin deliver joint press statements to the media.**



**President U Min Aung Hlaing and President Mr. Vladimir Putin attend the signing and exchange ceremony for agreements and Memorandums of Understanding (MoUs) between the two governments.**

# President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with Prime Minister of Russian Federation H.E. Mikhail Vladimirovich Mishustim



**President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with Prime Minister of Russian Federation H.E. Mikhail Vladimirovich Mishustim.**

**Nay Pyi Taw August 18**

President of the Republic of the Union of Myanmar U Min Aung Hlaing, who was on an Official Visit to Moscow, the Russian Federation, held talks with Prime Minister of Russian Federation H.E. Mikhail Vladimirovich Mishustim at the meeting hall of the House of the Government of the Russian Federation at 12.30pm local time.

On arrival at the Russian Government Office, the President was welcomed by the Prime Minister of Russia, and they posed for documentary photos. Later, the meeting was held.

Also present at the meeting together with the President were members of the delegation, union ministers U Khin Maung Yi, U Tin Maung Swe, Dr. Chaw Chaw Sein, Dr. Thet Khaing Win, U Ko Ko Lwin, and Dr. Charlie Than, Chief Executive Officer of the Myanmar Space Agency Dr. Soe Myint Maung, Chief Minister of Taninthayi U Zaw Naing Oo, senior military officers from the Office of the Commander-in-Chief, and the Myanmar ambassador to Russian Federation and officials. The Russian Prime Minister was accompanied by cabinet members, the Russian ambassador to Myanmar and officials.

During the talks, the Russian Prime Minister accorded a warm welcome to the President on the occasion of his Official Visit to Russia. He reaffirmed the continued promotion of strategic cooperation between Myanmar and Russia. Myanmar is an important strategic partner of Russia in Southeast Asia and Asia Pacific region, he noted, reiterating the further strengthening of multiple sector cooperation between the two countries.

The President expressed his pleasure at meeting the Prime Minister again. The President said it is his 14th visit to Russia, and the first State goodwill visit after assuming the duties of the President. The current talks will allow the two countries to discuss friendship, mutual understanding, trust, and multi-sector cooperation, he noted.

They then cordially exchanged views on the improving bilateral friendship and cooperation, the clear indication of friendly ties and mutual respect and appreciation according to long-standing and excellent diplomatic relations, Russia's firm stand and support for the benefit of Myanmar and its people on the international stage, Myanmar's efforts to further improve its international relations including with regional and ASEAN countries, brighter potentials for the progress of economic sector and investments, resulting from forging of stronger friendship with the Russian federal states in addition to the central government, means to deepen cooperation in trade, investment, agriculture, digital technology, industrial sector, education, health, religious and cultural fields, maritime transport, transformation, tourism, sports, farming, and MSMEs between the two countries. The President and the Prime Minister also discussed matters relating to educational cooperation covering the scholarship programs to generate educated human resources required for national development, ongoing cooperation in satellite and space technology after the signing of the Agreement between the Government of the Republic of the Union of Myanmar and the Government of the Russian Federation on **Cooperation in the Field of Research and Use of Outer Space for Peaceful Purposes**, selection and training of Myanmar cosmonauts for spaceflights in cooperation with Russia, the Myanmar Space Agency's cooperation with international space agencies and organizations including the UN to use satellite and space technology in agriculture, natural disaster management, and environment conservation and other socioeconomic development sectors, deepening of energy cooperation in oil, gas, energy generation including small-scale nuclear power generation, continued promotion of cooperation in multi-sectors including maritime transport and aquatic product exports.

After the meeting, the Russian Prime Minister warmly escorted and bid farewell to the President.

MNA

# President of Republic of Union of Myanmar U Min Aung Hlaing pays tribute at Tomb of Unknown Soldier in Moscow

**Nay Pyi Taw August 18**

On his official state visit to Moscow, the Russian Federation, President of the Republic of the Union of Myanmar U Min Aung Haling laid a condolence wreath and paid tribute at the Tomb of the Unknown Soldier in Moscow this morning.

First, the President, accompanied by members of his entourage, arrived at the Tomb of the Unknown Soldier in Moscow and was greeted by officials of the government of the Russian Federation and the military head of Moscow.

Then, the President and his entourage laid a condolence wreath, carried by two soldiers, and paid one-minute silent salute to fallen heroes, followed by the national anthem of the Republic of the Union of Myanmar played by the guard of honor of the Russian Federation.

Afterward, the President took the marching salute of the guard of honor and cordially greeted responsible officials.

MNA



**President of the Republic of the Union of Myanmar U Min Aung Hlaing lays a condolence wreath at the Tomb of the Unknown Soldier in Moscow, the Russian Federation.**

# President U Min Aung Hlaing holds meeting with the Chairman of the State Duma of the Russian Federation



**President U Min Aung Hlaing shakes hands with Mr. Vyacheslav Volodin, Chairman of the State Duma of the Russian Federation.**

**Nay Pyi Taw August 18**

President of the Republic of the Union of Myanmar U Min Aung Hlaing, who is currently in Moscow of the Russian Federation to pay an official visit met with H.E. Mr. Vyacheslav Volodin, Chairman of the State Duma of the Russian Federation, and held a meeting at the building of the State Duma at 10 am local standard time today.

The meeting was also attended by U Khin Maung Yi, U Tin Maung Swe, Dr Chaw Chaw Sein, Dr Thet Khaing Win and U Ko Ko Lwin who accompany the President, Myanmar Ambassador to the Russian Federation U Myo Moe Aung and officials. The Chairman of the State Duma of the Russian Federation was accompanied by Vice Chairman of the State Duma Mr. Sholban Kara-Ool and officials from the Duma committees.

On arrival at the building of the State Duma where the meeting would be held, the high-level Myanmar delegation led by the President was welcomed by the Chairman of the State Duma of the Russian Federation and they posed for documentary photos.

At the meeting, the President of Myanmar and the Chairman of the State Duma cordially discussed the plans to further strengthen friendly ties, bilateral trust and cooperation between parliaments which are legislative pillers of both countries, more improvement of friendship between the two countries and peoples of both countries through the inter-parliamentary cooperation, progress of relations between the two countries based on equality, mutial respects and non-interference in internal affairs, situations to exchange goodwill visits between the Hluttaws to share experiences, successful holding of a fair and prestigeous election in Myanmar, efforts of Hluttaws participated by people's representatives and the government democratically elected in carrying out national development, peace and stability measures in order to practically implement the people's desires, endeavours of the government to firmly initiate the democratic process, observation of election observation teams from international community including those from Russia at the election held in Myanmar, showing their findings for the free and fair election, the plans to further cement cooperation and friendly relations between Hluttaws from both countries, and continuous enhancement of friendship and cooperation in multiple sectors between the two countries.

After the meeting, the President of Myanmar cordially greeted the Chairman of the State Duma and party. MNA

---

*From Page 12*

assistance to Myanmar for many years in various sectors, including Myanmar's development. He reiterated his gratitude, as much of the progress achieved to date has also benefited from Russia's strong support and assistance. Given the long-standing historical relations between the two countries, these ties will remain strong in the future. He reaffirmed that Myanmar will always remain a trusted and reliable friend of Russia in Southeast Asia. Myanmar is always ready to cooperate.

Afterward, President of the Republic of the Union of Myanmar U Min Aung Hlaing, and President of the Russian Federation Mr. Vladimir Putin cordially and openly exchanged views on

the political developments in Myanmar, the government's efforts to achieve domestic peace, Myanmar's strict crackdowns to eradicate online gambling and online financial fraud, the enhancement of cooperation with regional countries, optimal collaboration within ASEAN, and the prospects for continued multi-sectoral cooperation between Myanmar and Russia, including bilateral friendship, defense, security, agriculture, livestock breeding, industry, education, science and technology, space technology, health, and tourism as well as cooperation on the establishment of Dawei deepsea port and Special Economic Zone.

Following this, the President of Myanmar and the President of the Russian Federation attended the bilateral talks.

During the meeting, ministers from both countries held discussions on mutual cooperation in sectors including education, health, industrial manufacturing, energy, trade, science and technology, economy, space science and technology cooperation, maritime trade, transport and other potential areas of collaboration. Both Presidents contributed supplementary discussions based on the points raised by the ministers.

Subsequently, a signing and exchange ceremony for agreements and Memorandums of Understanding (MoUs) between the two governments took place. A total of 12 MoUs and agreements were signed and exchanged in the presence of the two Presidents by the Myanmar Ambassador to the Russian Federation and relevant Union Ministers alongside their Russian counterparts and officials. These included a declaration on methods to counter and address the negative impacts of unilateral coercive measures between the two nations, MoUs for the electric power sector and the oil and natural gas sectors, an MoU on cooperation in the fields of radio-electronics and digital technology, a memorandum of cooperation between competition authorities, an MoU on cooperation in the fields of culture and art, an MoU on cooperation in information and communication technology (ICT), an MoU on cooperation in satellite navigation systems, manned space flights, the satellite-based search and rescue system (COSPAS-SARSAT), and the Automated Warning System on Hazardous Situations in Outer Space (ASPOS), as well as an MoU between the Myanmar Space Agency and the Plekhanov Russian University of Economics, and an MoU between the Myanmar Space Agency and Bauman Moscow State Technical University.

Following the ceremony, the President of the Republic of the Union of Myanmar and the President of the Russian Federation delivered joint press statements to the media, with reports indicating that the full joint statements will be released separately.

MNA

---

# World Insights: U.S. haunted by its warmongering toward Iran

**Washington August 18**

About six months into the Iran war, the aircraft carrier USS Abraham Lincoln has become a stark symbol of how Washington's pursuit of military solutions is increasingly coming back to haunt itself.

As the conflict drags on, months of prolonged deployment are exhausting U.S. service members, straining military resources and exposing the mounting costs of a conflict that Washington has yet to bring to a decisive end.

U.S. Central Command chief Admiral Brad Cooper sought to reassure the crew of the USS Abraham Lincoln on Sunday, highlighting their "resilience" during a visit to the carrier. His remarks came after media reports raised concerns over deteriorating conditions aboard the ship, whose deployment has been extended for months by the war with Iran.

The USS Abraham Lincoln left its home port of San Diego last November and was later redirected to the Middle East for U.S. military operations in the war with Iran.

With about 5,000 sailors and Marines aboard, the carrier has gone more than 200 days without a port call, setting a modern-day record for consecutive days at sea, according to Democratic Sen. Richard Blumenthal.

The prolonged deployment has taken a toll on living conditions aboard the carrier. Stars and Stripes reported complaints about food and water shortages, disrupted mail service and a lack of regular port calls after months at sea.

Meanwhile, the newspaper said family members had raised concerns about sailors' exhaustion and mental health directly with the acting secretary of the Navy, citing one military spouse as saying that her husband had told her he hoped he would not wake up the next day. Xinhua



**This photo taken on Aug. 17, 2026 shows the White House in Washington, D.C., the United States.**

# Press Release

## President of the Republic of the Union of Myanmar, H.E. U Min Aung Hlaing to pay Official Visit to the Republic of Belarus

**Nay Pyi Taw August 18**

At the invitation of His Excellency Mr. Aleksandr Lukashenko, President of the Republic of Belarus, His Excellency U Min Aung Hlaing, President of the Republic of the Union of Myanmar, will pay an Official Visit to the Republic of Belarus following his Official Visit to the Russian Federation.

During the visit, the President of Myanmar will meet with the President of the Republic of Belarus, the Prime Minister of the Republic of Belarus, and the Chairman of the House of Representatives of the National Assembly of the Republic of Belarus and other officials from the Belarusian Government. The President will cordially discuss matters relating to the further consolidation of the existing bilateral friendship and mutually beneficial cooperation in all areas of common interest including economic, security and social sectors. During the visit, the President will also attend the Opening Ceremony of the Myanmar Embassy in Minsk and the Myanmar-Belarus Business Forum.

The President will be accompanied by Union Ministers and officials during the visit.

# Vice President U Nyo Saw, Chairman of the Steering Committee for Anti-Illegal Trade, attends and delivers an opening address at the (1/2026) coordination meeting of the Steering Committee for Anti-Illegal Trade



**Vice President U Nyo Saw delivering an opening address at the (1/2026) coordination meeting of the Steering Committee for Anti-Illegal Trade.**

**Nay Pyi Taw August 18**

The (1/2026) coordination meeting of the Steering Committee for Anti-Illegal Trade was held today at 10:00 AM at the Union Government Office conference hall, attended by Steering Committee Chairman Vice President U Nyo Saw, Vice Chairmen, committee members, Chairmen of the Anti-Illegal Trade Special Task Forces from the Nay Pyi Taw Council Area, Regions, and States, departmental officials, and invited guests.

At the meeting, the Vice President, provided detailed instructions regarding the seizure status of illegal trade during the current period covering April, May, June, and July 2026, the implementation of guidance provided by the President, matters related to conducting orderly inspections at border checkpoints and taking action against illegal cargo transport in accordance with the law, matters concerning ensuring the smooth and secure flow of goods along trade routes, and efforts to enable the use of the currently utilized container E-Lock system across all trade routes, while urging everyone to carry out anti-illegal trade operations as a national duty to reduce and eliminate illegal trade.

Next, the Secretary of the Steering Committee, Deputy Minister for Commerce U Win Myint Khaing, presented the completion status of decisions made at the previous Steering Committee meeting alongside upcoming work plans. Vice Chairmen of the Steering Committee, Union Minister for Home Affairs Lieutenant General Nyunt Win Swe and Union Minister for Finance and Revenue Dr. Kan Zaw, together with Steering Committee members Union Minister for Commerce U Tun Ohn and Deputy Minister for Defence Major General Aung Myo Thant, then detailed their respective ministry-level anti-illegal trade operations, achievements, and future action plans. Additionally, Chairmen of the Anti-Illegal Trade Special Task Forces from the Nay Pyi Taw Council Area, Regions, and States reported on their implementation progress, while other attendees presented general matters.

In response to the presentations, the Vice President conducted a review and discussion, provided necessary instructions and guidance, delivered closing remarks, and adjourned the meeting.

MNA

# France publishes updated military programming law for 2024-2030

**Paris August 18**

France on Tuesday promulgated an updated military programming law for 2024-2030 to accelerate the country's rearmament efforts.

The update to France's 2024-2030 Military Programming Law, originally enacted in 2023, increases the defense budget for 2026-2030 by 36 billion euros (about 41.7 billion U.S. dollars), bringing total funding for 2024-2030 to 436 billion euros (about 504.7 billion U.S. dollars) in current terms.

According to the French government, defense spending will rise to at least 2.5 percent of the country's GDP in 2030, with a target of reaching 3.5 percent of GDP by 2035.

The law also transforms France's Defense and Citizenship Day into a Mobilization Day. Refocused on the fundamentals of national defense, the event will place greater emphasis on military activities and national cohesion.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

**သမိုင်းကြောင်းအရ ရှည်လျားစွာရှိသည့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် အနာဂတ်တွင်လည်း ခိုင်မြဲစွာရှိနေမည်ဖြစ်၊ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အရှေ့တောင်အာရှတွင် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအဖြစ် အမြဲတည်ရှိနေမည် . . .**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

ရှေ့ဖုံးမှအဆက်

ကရင်မလင်နန်းတော်သို့ရောက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက ရင်းရင်းနှီးနှီး ခရီးဦးကြိုဆိုနှုတ်ဆက်ပြီး သီးခြားတွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ လက်ထောက်နှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်က ခရီးဦးကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များကို ယခုကဲ့သို့ ထပ်မံတွေ့ဆုံခွင့်ရသည့်အတွက် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေပြီး ရေဘေးသင့်ပြည်သူများကို မိမိအနေဖြင့်စာနာထောက်ထားပြီး အားပေးသည်ကိုပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ သံတမန်ဆက်ဆံမှုအနေဖြင့် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး သမိုင်းတစ်လျှောက်တွင် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်စွာ တိုးတက်လျက်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှား-အာဆီယံအဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးကို အကူအညီပေးသည့်အတွက် မိမိတို့အနေဖြင့်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ စီးပွားရေးနယ်ပယ်တွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပူးပေါင်းဆောင်ရွက်၍ရသည့်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနယ်ပယ်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ယခုအဆွေတော်၏ ရုရှားနိုင်ငံသို့ ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးပွဲများ၊ လေ့လာစရာများရှိပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်အသီးသီးကို အသေးစိတ်ဆွေးနွေးဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များကို ယခုကဲ့သို့လှိုက်လှဲနွေးထွေးစွာကြိုဆိုမှုအတွက် များစွာဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိအနေဖြင့် ရုရှားနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်ခဲ့ဖူးပြီး ယခုအခါ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး နောက်ပိုင်းတွင် ပထမဆုံးလာရောက်ခဲ့သည့် ခရီးစဉ်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်အပါအဝင် နယ်ပယ်ပေါင်းစုံတွင် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆွေတော်ပြောကြားသကဲ့သို့ မိမိတို့နိုင်ငံတွင် ပြီးခဲ့သည့်လမှစတင်၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုအပေါ်တွင် အဆွေတော်အနေဖြင့် မြန်မာပြည်သူများအပေါ် စာနာထောက်ထားကြောင်း ပြောကြားပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြီးခဲ့တဲ့နှစ်အတွင်း မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ပြီး ဆုံးရှုံးမှုများလည်း များစွာရှိခဲ့ကြောင်း၊ ထိုအချိန်တွင် အဆွေတော်တို့အနေဖြင့် အထူးအဖွဲ့များစေလွှတ်၍ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့သည်ကို ယခုအချိန်အထိ မမေ့ပါကြောင်းနှင့် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးတွင် အရှိန်အဟုန်ပြင်းစွာဖြင့် တိုးတက်လျက်ရှိနေပြီး ရှေ့ဆက်၍ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များလည်း များစွာရှိနေပါကြောင်း၊ အဆွေတော်နှင့် အသေးစိတ်ဆွေးနွေးနိုင်မည်ဟုလည်း မျှော်လင့်ထားပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံရေးနယ်ပယ်များတွင်လည်း ပြောင်းလဲ တိုးတက်လာပြီဖြစ်ပါကြောင်း၊ ဆက်လက်လုပ်ဆောင်ရန် နယ်ပယ်များလည်း များစွာကျန်ရှိနေသေးကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ရုရှားနိုင်ငံအနေဖြင့် နှစ်ပေါင်းများစွာအားပေးကူညီခဲ့ပြီး လက်ရှိဖွံ့ဖြိုးတိုးတက်မှုများသည်လည်း ရုရှားနိုင်ငံ၏ အားပေးထောက်ခံမှုများစွာပါဝင်သဖြင့် ကျေးဇူးတင်ရှိသည်ကို ထပ်မံပြောကြားလိုပါကြောင်း၊ သမိုင်းကြောင်းအရ ရှည်လျားစွာရှိသည့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် အနာဂတ်တွင်လည်း ခိုင်မြဲစွာရှိနေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အရှေ့တောင်အာရှတွင် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအဖြစ် အမြဲတည်ရှိနေမည်ကို ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမြဲအသင့်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H. E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustimတို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် သြဂုတ် ၁၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန်မွန်းလွဲ ၁၂ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် ရုရှားအစိုးရအဖွဲ့အိမ်တော် အစည်းအဝေးခန်း၌ တွေ့ဆုံဆွေးနွေးသည်။


ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲပြုလုပ်မည့် ရုရှားအစိုးရအဖွဲ့ရုံးသို့ရောက်ရှိလာရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တွေ့ဆုံပွဲကိုကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ မြန်မာအာကာသအေဂျင်စီအမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အတူ ရုရှားအစိုးရအဖွဲ့မှဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်က ယခုကဲ့သို့ ရုရှားနိုင်ငံသို့

## မြန်မာနိုင်ငံအနေဖြင့် ရုရှား-အာဆီယံအဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးကို အကူအညီပေးသည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိ၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်အသီးသီးကို အသေးစိတ်ဆွေးနွေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည် . . .

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့ရှေ့မှောက်၌ နှစ်နိုင်ငံမှ သက်ဆိုင်ရာတာဝန်ရှိသူများက နှစ်နိုင်ငံအစိုးရနှစ်ရပ်ကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ အသီးသီးလဲလှယ်ကြစဉ်။

နှင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှုများပပျောက်စေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပြင်းပြင်းထန်ထန်နှိမ်နင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာ-ရုရှားနှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကာကွယ်ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ အာကာသနည်းပညာ၊ ကျန်းမာရေးနှင့် ခရီးသွားကဏ္ဍအပါအဝင် နယ်ပယ်ပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်တည်ဆောက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

၎င်းနောက် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတတို့သည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးများက စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ဒစ်ဂျစ်တယ်ငွေကြေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ အာကာသသိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးကဏ္ဍ၊ ကုန်သွယ်ရေကြောင်းပို့ကုန်နှင့် ပို့ဆောင်ရေးကဏ္ဍနှင့် အခြားပူးပေါင်းဆောင်ရွက်နိုင်သည့်ကဏ္ဍများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြသည်။ ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နှစ်နိုင်ငံ အစိုးရနှစ်ရပ်ကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ နှစ်နိုင်ငံအကြား တစ်ဖက်သတ်အကျပ်ကိုင်ဆောင်ရွက်မှုများ၏ ဆိုးရွားသောသက်ရောက်မှုများကို တုံ့ပြန်ဖြေရှင်းရန် နည်းလမ်းများနှင့်ပတ်သက်သည့် ကြေညာချက်၊ လျှပ်စစ်စွမ်းအားကဏ္ဍနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများအတွက် နားလည်မှုစာချွန်လွှာ၊ ရေဒီယိုအီလက်ထရောနစ်လုပ်ငန်းနှင့် ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ယှဉ်ပြိုင်မှုအဖွဲ့အစည်းတို့အကြား ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာ၊ ယဉ်ကျေးမှုနှင့် အနုပညာနယ်ပယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ၊ ဂြိုဟ်တုလမ်းညွှန်မှုစနစ်၊ လူလိုက်ပါသော အာကာသခရီးစဉ်များ ဂြိုဟ်တုအခြေပြုရှာဖွေကယ်ဆယ်ရေးစနစ် COSPAS-SARSATနှင့် ကမ္ဘာ့အနီးအာကာသအတွင်း အန္တရာယ်ရှိသောအခြေအနေများအတွက် အလိုအလျောက်သတိပေးစနစ် (ASPOS)နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာနှင့် မြန်မာအာကာသအေဂျင်စီနှင့် Plekhanov Russian University of Economics တို့ကြား နားလည်မှုစာချွန်လွှာ၊မြန်မာအာကာသအေဂျင်စီနှင့် Bauman Moscow State Technical University တို့ကြား နားလည်မှုစာချွန်လွှာများအပါအဝင် စုစုပေါင်း နားလည်မှုစာချွန်လွှာ ၁၂ ခုတို့ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတတို့ ရှေ့မှောက်၌ အသီးသီးလဲလှယ်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတတို့သည် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားခဲ့ကြောင်းနှင့် နှစ်နိုင်ငံပူးတွဲကြေညာချက်များ အပြန်အလှန်ပြောကြားမှုကို သီးခြားဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

---

တရားဝင်ခရီးစဉ်လာရောက်ခဲ့သည့်အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ မြန်မာ-ရုရှားနှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အာရှ၊ အရှေ့တောင်အာရှနှင့် အာရှပစိဖိတ်ဒေသအတွက် အရေးပါသည့် မိတ်ဖက်မဟာမိတ်နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးစွာပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အဆွေတော်ဝန်ကြီးချုပ်နှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံဆွေးနွေးရသည့်အတွက် အထူးပင် ဝမ်းမြောက်မိကြောင်း၊ မိမိအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ၁၄ ကြိမ်မြောက် လာရောက်ခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်သည် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက်ပိုင်း ရုရှားနိုင်ငံသို့ ပထမဆုံးနိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်ဖြစ်ပါကြောင်း၊ ယခု တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနှင့် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးနိုင်မည်ဟုယုံကြည်ကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိပြီး ရှည်လျားကောင်းမွန်သည့် သံတမန်ဆက်ဆံမှုများ ရှိကာ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားတန်ဖိုးထားမှုများကို ခိုင်မာစွာဖော်ညွှန်းပြသလျက်ရှိမှု၊ နိုင်ငံတကာမျက်နှာစာတွင် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအကျိုးအတွက် ခိုင်ခိုင်မာမာထောက်ခံရပ်တည်ပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းနိုင်ငံများနှင့် အာဆီယံအပါအဝင် နိုင်ငံတကာနှင့် သံတမန်ဆက်ဆံရေးများ ပိုမိုကောင်းမွန်အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံဗဟိုအစိုးရများ၏ ကောင်းမွန်သောဆက်ဆံရေးသာမက ရုရှားနိုင်ငံဖက်ဒရယ်ပြည်နယ်များနှင့်လည်း ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတည်ဆောက်လာနိုင်ပြီး စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍများ ပိုမိုတိုးတက်ဆောင်ရွက်လာနိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြားကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊စိုက်ပျိုးရေးကဏ္ဍ၊ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပင်လယ်ရေကြောင်းနှင့် ပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာတော်သင်များစေလွှတ်ရေးအပါအဝင် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအစိုးရတို့ကြား **"ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်"** ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဂြိုဟ်တုနှင့် အာကာသသိပ္ပံ နည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာအာကာသယာဉ်မှူးများ အာကာသခရီးစဉ်တွင် ပါဝင်နိုင်ရေးအတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းရွေးချယ်လေ့ကျင့်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံတွင် ဂြိုဟ်တုနှင့် အာကာသနည်းပညာများကို စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအပါအဝင် အခြားလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အသုံးချနိုင်ရန်အတွက် မြန်မာအာကာသအေဂျင်စီက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာရှိ အာကာသအေဂျင်စီများ၊ အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အသေးစားနျူကလီးယားလျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုအပါအဝင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပင်လယ်ရေကြောင်းပို့ဆောင်ရေးနှင့်ရေထွက်ပစ္စည်းများ ယခုထက်ပိုမိုတင်ပို့နိုင်ရေးအပါအဝင် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်က ရင်းနှီးနွေးထွေးစွာဖြင့် လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် ဒူးမားလွှတ်တော်အဆောက်အအုံအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ Mr.Sholban Kara-Ool နှင့် လွှတ်တော်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တွေ့ဆုံပွဲကျင်းပမည့် ဒူးမားလွှတ်တော်အဆောက်အအုံသို့ ရောက်ရှိကြရာ ဒူးမားလွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodinတို့ တွေ့ဆုံဆွေးနွေးစဉ်။

ယင်းနောက်တွေ့ဆုံပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်နိုင်ငံဥပဒေပြုရေးမဏ္ဍိုင်များဖြစ်သည့် လွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်မှုများမှတစ်ဆင့် နှစ်နိုင်ငံနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ဆက်ဆံမှုများဆောင်ရွက်ရာတွင် သာတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ ပြည်တွင်းရေးမစွက်ဖက်မှုများကို အခြေခံပြီး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လွှတ်တော်များအကြား အပြန်အလှန် လေ့လာရေးခရီးစဉ်များ ဆောင်ရွက်၍ အတွေ့အကြုံများဖလှယ်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူ့ဆန္ဒကိုလက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သော လွှတ်တော်များနှင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှုနှင့်ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပချိန်တွင် ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့မှုနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရမှုအခြေအနေများ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍာပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတက ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ မတည်ထောက်ပံ့ငွေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သက်သာသော အတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ဘဏ်တို့မှတစ်ဆင့် အာမခံပစ္စည်းပေးအပ်၍ဖြစ်စေ၊ ချေးငွေအာမခံ Credit Guarantee Insurance–CGI စနစ်ဖြင့်ဖြစ်စေ ချေးငွေများထုတ်ချေးပေးလျက်ရှိသည်။

၂။ MSME ချေးငွေရယူလိုသည့် လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင် MSME အေဂျင်စီများတွင် ချေးငွေလျှောက်ထားရမည်ဖြစ်ပြီး MSME ချေးငွေစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**(က) MSME လုပ်ငန်းတစ်ခုသို့ အများဆုံးထုတ်ချေးမည့်ပမာဏ**

- အသေးစားနှင့်အငယ်စားစီးပွားရေးလုပ်ငန်းများ – ကျပ် ၅၀ သန်းထိ
- အလတ်စားစီးပွားရေးလုပ်ငန်းများ – ကျပ် ၁၀၀ သန်းထိ
- CGI စနစ်ဖြင့် ထုတ်ချေးခြင်း – ကျပ် ၅၀ သန်းထိ
  (မြန်မာ့အာမခံလုပ်ငန်း၊ ပုဂ္ဂလိက ဖက်စပ်အထွေထွေ အာမခံကုမ္ပဏီ သုံးခု၊ ပြည်တွင်း ပုဂ္ဂလိကအထွေထွေအာမခံကုမ္ပဏီ ခြောက်ခုတို့မှ ဆောင်ရွက်ပေးမည်။)

**( ခ ) ချေးငွေအမျိုးအစားနှင့်အတိုးနှုန်း**

- ပုံသေပစ္စည်း (Fixed Capital) အနည်းဆုံး ( ၃၀ ရာခိုင်နှုန်း )နှင့်အထက် အသုံးပြုမည့် ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး သုံးနှစ်၊ အတိုးနှုန်း – သုံးရာခိုင်နှုန်း
- လုည့်ပတ်ငွေ (Working Capital) (၁၀၀ ရာခိုင်နှုန်း) အသုံးပြုမည့်ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး တစ်နှစ် ခြောက်လ၊ အတိုးနှုန်း – လေးရာခိုင်နှုန်း
- CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေ၊ အတိုးနှုန်း – ငါးရာခိုင်နှုန်း
  (CGI စနစ်ဖြင့် ငွေချေးယူသူသည် အထက်ပါအတိုးနှုန်း ငါးရာခိုင်နှုန်းအပြင် ချေးငွေအာမခံ (CGI ပရီမီယံကြေးကို ထပ်ဆောင်းကျခံရမည်ဖြစ်ပါသည်။)

**( ဂ ) ချေးငွေအတွက် တင်ပြနိုင်သည့် အာမခံပစ္စည်းများ**

- မြေနှင့် အဆောက်အအုံ၊
- စက်၊ ယာဉ်ယန္တရား၊
- ငွေစုလက်မှတ်၊
- အစိုးရငွေတိုက်စာချုပ်၊
- စာရင်းသေအပ်ငွေ (အချိန်ပိုင်းအပ်ငွေ)၊
- အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များ၊
- ချေးငွေအာမခံ Credit Guarantee ။

**(ဃ) အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည့် မြေအမျိုးအစား**

- ဘိုးဘွားပိုင်မြေ၊ ဂရန်မြေ၊ လန (၃၉)မြေ၊ (၃)(ခ)မြေ၊ လယ (၃၀)(က) (ခ)မြေ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇)၊ စက်မှုစီးပွားဂရန်။

**( င ) အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည့် အဆောက်အအုံအမျိုးအစား**

- ကွန်ကရစ်တိုက် (RC)၊ အုတ်ညှပ်အဆောက်အအုံ၊ တိုက်ခံအိမ်၊ အုတ်ပတ်ကားတိုက်အဆောက်အအုံ၊ Steel Structure၊ ခြောက်ထပ်နှင့်အထက် ကွန်ဒိုတိုက်ခန်း။

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ချေးငွေရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် အာမခံပစ္စည်းများတင်ပြ၍ ချေးငွေလျှောက်ထားနိုင်ပါကြောင်းနှင့် အာမခံပစ္စည်းပေးအပ်နိုင်ခြင်းမရှိပါက ချေးငွေအာမခံ Credit Guarantee Insur–ance – CGI စနစ်ဖြင့် ချေးငွေပမာဏ အများဆုံး ငွေကျပ် သန်း ၅၀ ထိ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရစစ်သည် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။

☆ ကျောဖုံးမှအဆက်

အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ ကျဆုံးလေပြီးသောသူရဲကောင်းများကို ရည်စူး၍ တစ်မိနစ်ငြိမ်သက်အလေးပြုကြသည်။ ထိုသို့ လွမ်းသူ့ပန်းခွေချ အလေးပြုပြီးချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းကို တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

PPIB News

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ (၁/၂၀၂၆)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးသို့ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ (၁/၂၀၂၆)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ (၁/၂၀၂၆)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော၊ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ယခုကာလဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီ၊ မေ၊ ဇွန်နှင့် ဇူလိုင်လများအတွင်း တရားမဝင်ကုန်သွယ်မှုများဖမ်းဆီးရမိမှုအခြေအနေ၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ နယ်စပ်စစ်ဆေးရေးဂိတ်များ စည်းကမ်းစနစ်တကျစစ်ဆေးဆောင်ရွက်ရန်နှင့် တရားမဝင်ကုန်စည်ပို့ဆောင်နေမှုများအပေါ် ဥပဒေနှင့်အညီ တားဆီးစစ်ဆေးအရေးယူနိုင်ရန် ကိစ္စရပ်များ၊ ကုန်သွယ်မှုလမ်းကြောင်းများ တစ်လျှောက် ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များနှင့် လက်ရှိအသုံးပြုနေသည့် ကုန်သေတ္တာ E-Lock စနစ်ကို ကုန်သွယ်မှုလမ်းကြောင်းအားလုံးအသုံးပြုနိုင်ရေး ဆောင်ရွက်ရန်ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးမှာကြားပြီး တရားမဝင်ကုန်သွယ်မှုများ လျော့နည်းကျဆင်း ပပျောက်စေရေးအတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်က ယခင်ဦးဆောင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်တို့က ဝန်ကြီးဌာနအလိုက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေး၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၁၈-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကားဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ စက်ကျူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှ ဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၇ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၅၉၅,၂၁၈.၁၉ | ၂၉,၇၀၄,၉၄၅.၂၂ | ၁၂၀,၃၁၇,၈၆၉.၂၆ | - |

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ ရွေးကောက်ခံပြည်သူ့အစိုးရ အနေနဲ့ နိုင်ငံနဲ့လူမျိုးရဲ့ အကျိုးစီးပွားအတွက် အိမ်နီးချင်းနဲ့ မိတ်ဖက်နိုင်ငံတွေဆီ သံတမန်ရေးရာခရီးစဉ်များကို စဉ်ဆက်မပြတ် ဖော်ဆောင်လာခဲ့ပါတယ်။ ပထမဆုံးအကြိမ်အဖြစ် အိန္ဒိယနိုင်ငံ၊ ဒုတိယအကြိမ်အဖြစ် တရုတ်နိုင်ငံ၊ တတိယအကြိမ်အဖြစ် လာအိုနိုင်ငံ၊ စတုတ္ထအကြိမ်အဖြစ် ထိုင်းနိုင်ငံတို့ဆီ သွားရောက်ခဲ့ပြီးဖြစ်ပါတယ်။ အခုအခါမှာတော့ ပဉ္စမအကြိမ်မြောက် အရေးကြီးတဲ့ နိုင်ငံတော်အဆင့် တရားဝင်ခရီးစဉ်အဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆီကို နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလာခဲ့ပြီပဲဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းမှာတော့ နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်ရဲ့ ဖိတ်ကြားချက်အရ နေပြည်တော်လေဆိပ်ကနေ အထူးလေယာဉ်နဲ့ စတင်ထွက်ခွာခဲ့ပါတယ်။ ဒီခရီးစဉ်ကို မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက် သံတမန်ရေးရာ၊ စီးပွားရေးနဲ့ လုံခြုံရေး ကဏ္ဍပေါင်းစုံမှာ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုတိုးမြှင့်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ကောင်းများနဲ့ အစပြုနိုင်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးနဲ့အတူ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများနဲ့ အဆင့်မြင့်တပ်မတော်အရာရှိကြီးအချို့ လိုက်ပါသွားကြတာကို တွေ့ရပါတယ်။ ခရီးစဉ်မစတင်ခင်မှာတော့ ဒုတိယသမ္မတတွေဖြစ်ကြတဲ့ ဦးညိုစောနဲ့ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့အပြင် တာဝန်ရှိသူတွေက လေဆိပ်မှာပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။

**ဒေသတွင်းနိုင်ငံများသို့ခရီးတစ်ထောက်**

ခရီးစဉ်လမ်းကြောင်းတစ်လျှောက်မှာ နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာ အိန္ဒိယနိုင်ငံ ရာဂျာစတန်ပြည်နယ် ဂျေပူရ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှာ ရောက်ရှိခဲ့ပါတယ်။ အဲဒီနေရာမှာ ရာဂျာစတန်ပြည်နယ် ဆေးဝါးနဲ့ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းနဲ့ တာဝန်ရှိသူများ၊ မြန်မာစစ်သံ ဗိုလ်မှူးချုပ်ဇော်မိုးလွင်တို့က နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။

ရာဂျာစတန်ပြည်နယ်ဟာ ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ ထင်ရှားတဲ့နေရာတစ်ခု ဖြစ်ပါတယ်။ သဲကန္တာရရာသီဥတု ရှိတယ်ဆိုပေမယ့် ယခု သမ္မတကြီးတို့ရောက်ရှိနေတဲ့ ဩဂုတ်လအတွင်းမှာတော့ မိုးရွာသွန်းမှု အသင့်အတင့်ရှိပြီး နွေးထွေးတဲ့ရာသီဥတုအခြေအနေနဲ့ သာယာလှပလို့နေပါတယ်။

လေဆိပ်ဧည့်ခန်းမဆောင်မှာ ကျင်းပတဲ့တွေ့ဆုံပွဲမှာ နိုင်ငံတော်သမ္မတက အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီရဲ့ ဖိတ်ကြားချက်နဲ့ ဇွန်လတုန်းက အိန္ဒိယနိုင်ငံကို တရားဝင်ခရီးစဉ်လာရောက်ခဲ့တာတွေကို ပြန်လည်ပြောကြားခဲ့ပါတယ်။ နှစ်နိုင်ငံ ပြည်သူတွေအကြား ကူးလူးဆက်ဆံမှုတွေ အလွန်များပြားပြီး လက်ရှိ နှစ်နိုင်ငံဆက်ဆံရေးဟာ ဒေသတွင်းမှာ အကောင်းဆုံးအခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ အထူးသဖြင့် နယ်စပ်ကုန်သွယ်မှုတွေ ပိုမိုတိုးမြှင့်နိုင်ရေးအတွက် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်နေမှုတွေကို ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ခဲ့ကြပါတယ်။

အဲဒီနောက်မှာတော့ နိုင်ငံတော်သမ္မတနဲ့ ဝန်ကြီး ဂါဂျန်ဒရာဆင်းတို့ဟာ အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ခဲ့ကြပြီး နိုင်ငံတော်သမ္မတဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ဂျေပူရ်မြို့ကနေတစ်ဆင့် ရုရှားနိုင်ငံဆီ ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။

ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်မှာတော့ သမ္မတကြီးဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့ဟာ ကာဇက်စတန်နိုင်ငံ အာမတီမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက်ရှိခဲ့ပါတယ်။ လေဆိပ်မှာ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရ်ခန်ဆာတီဘယ်လ်ဒီနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြပါတယ်။ ကာဇက်စတန်နိုင်ငံ အာမတီမြို့ဟာ တီယန်ရှန်တောင်တန်းခြေမှာ တည်ရှိပြီး သဘာဝအလှအပတွေနဲ့ ပြည့်စုံလျက်ရှိပါတယ်။ အခုလို ဩဂုတ်လနှောင်းပိုင်းမှာ အေးမြသာယာတဲ့ ရာသီဥတုအခြေအနေကို ပိုင်ဆိုင်ထားပါတယ်။

အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူးနဲ့ တွေ့ဆုံစဉ်မှာ နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံမှာ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးနောက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေမှုတွေကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ မိမိတို့အနေနဲ့ နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်ချိန်ကစပြီး ပြည်ပနိုင်ငံတွေနဲ့ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခဲ့ပြီး နိုင်ငံတကာ၊ ဒေသတွင်း နိုင်ငံများနဲ့ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်နေမှုတွေကို ထည့်သွင်းပြောကြားခဲ့ပါတယ်။ မြန်မာနဲ့ ကာဇက်စတန် နှစ်နိုင်ငံကြား ကုန်သွယ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုနဲ့ ခရီးသွားကဏ္ဍတွေမှာ တိုးမြှင့်သွားနိုင်မယ့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေတွေကို အပြုသဘောဆောင် ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးပွဲအပြီးမှာ နှစ်ဖက်တာဝန်ရှိသူတွေက အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြပြီး ရုရှားနိုင်ငံဆီသို့ ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။

**နိုင်ငံတော်အဆင့်ရောက်ရှိခြင်းနှင့် ကြိုဆိုဂုဏ်ပြုခြင်း**

နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို သယ်ဆောင်လာတဲ့ အထူးလေယာဉ်ကြီးဟာ ဘနုကာဘာအပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ ငြိမ့်ညောင်းစွာ ဆင်းသက်လိုက်ပြီဖြစ်ပါတယ်။ ခရီးစဉ်ရဲ့ အဓိကဦးတည်ရာဖြစ်တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ကို ဒေသစံတော်ချိန် ညနေ ၆ နာရီမှာ ရောက်ရှိခဲ့ကြပါတယ်။ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadievich Reshetnikov၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နဲ့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦးနဲ့ သံရုံး၊ စစ်သံရုံးမိသားစုများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြပါတယ်။

မော်စကိုမြို့ရဲ့ သမိုင်းဝင်ထင်ရှားပြီး နိုင်ငံတော်အဆင့်အခမ်းအနားကြီးများနဲ့ ဧည့်သည်တော်များကို အထူးလက်ခံလေ့ရှိတဲ့ ဘနုကာဘာအပြည်ပြည်ဆိုင်ရာ လေဆိပ် (Vnukovo International Airport)ကြီးကို ၁၉၄၁ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးအတွင်း စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပြီး မော်စကိုမြို့ရဲ့ သက်တမ်းအရင့်ဆုံးနဲ့ အရေးပါဆုံး လေဆိပ်ကြီးတစ်ခုလည်းဖြစ်ပါတယ်။ ရုရှားနိုင်ငံရဲ့ ထိပ်တန်းခေါင်းဆောင်များနဲ့ နိုင်ငံတကာမှ တရားဝင်ခရီးစဉ်လာရောက်တဲ့ နိုင်ငံ့ခေါင်းဆောင်များကို အဓိကလက်ခံဂုဏ်ပြုရာ အထင်ကရနေရာ တစ်ခုလည်းဖြစ်ပါတယ်။

အခုအချိန်ဟာ ရုရှားနိုင်ငံရဲ့ နွေရာသီနှောင်းပိုင်းကာလဖြစ်ပြီး သာယာခြောက်သွေ့တဲ့ ရာသီဥတုအောက်မှာ ကြိုဆိုရေးအစီအစဉ်တွေကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။

နိုင်ငံတော်သမ္မတကြီးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံရဲ့ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်လာရောက်တဲ့ နိုင်ငံ့ခေါင်းဆောင်တွေကို ကြိုဆိုတဲ့အစဉ်အလာနဲ့အညီ ဂုဏ်ပြုကြိုဆိုခဲ့ကြပါတယ်။ နိုင်ငံတော်သမ္မတကြီးက အလေးပြုခံနေရာမှာ ဂုဏ်ပြုတပ်ဖွဲ့ရဲ့ အလေးပြုခြင်းကို ခံယူခဲ့ပြီး ဂုဏ်ပြုတပ်ဖွဲ့ကလည်း နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်ဂုဏ်ပြုခဲ့ပါတယ်။ အဲဒီနောက်မှာတော့ နိုင်ငံတော်သမ္မတဟာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ရဲ့ ချီတက်အလေးပြုခြင်းကို ဆက်လက်ခံယူခဲ့ပါတယ်။

စာမျက်နှာ ၂၁ သို့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဂုဏ်ပြုကြိုဆိုကြစဉ်။ (၁၇-၈-၂၀၂၄)

**မြန်မာနဲ့ရုရှား နှစ်နိုင်ငံရဲ့ သံတမန်ဆက်ဆံရေးသမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ကြတာဖြစ်ပါတယ်။ ဆယ်စုနှစ်များစွာတိုင်အောင် နှစ်နိုင်ငံဆက်ဆံရေးဟာ အပြန်အလှန်လေးစားမှု၊ နားလည်မှုနဲ့ ယုံကြည်မှုတို့အပေါ်မှာ ခိုင်မာစွာအခြေတည်လာခဲ့တာ တွေ့ရပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံရေး၊ စီးပွားရေးနဲ့ ပညာရေး စတဲ့ ကဏ္ဍအသီးသီးမှာ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ဆက်တိုက်ရှိခဲ့ပြီး ယခုလို အဆင့်မြင့်ခရီးစဉ်တွေက သံတမန်သမိုင်းသစ်ကို ပိုမိုတောက်ပလာစေတာဖြစ် . . .**

စာမျက်နှာ ၂၀ မှအဆက်

**မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ**

မြန်မာနဲ့ ရုရှား နှစ်နိုင်ငံရဲ့သံတမန်ဆက်ဆံရေးသမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ကြတာဖြစ်ပါတယ်။ ဆယ်စုနှစ်များစွာတိုင်အောင် နှစ်နိုင်ငံဆက်ဆံရေးဟာ အပြန်အလှန် လေးစားမှု၊ နားလည်မှုနဲ့ ယုံကြည်မှုတို့အပေါ်မှာ ခိုင်မာစွာအခြေတည်လာခဲ့တာတွေ့ရပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံရေး၊ စီးပွားရေးနဲ့ ပညာရေးစတဲ့ ကဏ္ဍအသီးသီးမှာ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ဆက်တိုက်ရှိခဲ့ပြီး ယခုလို အဆင့်မြင့်ခရီးစဉ်တွေက သံတမန်သမိုင်းသစ်ကို ပိုမိုတောက်ပလာစေတာဖြစ်ပါတယ်။

ယခုခရီးစဉ်အတွင်းမှာ နိုင်ငံတော်သမ္မတကြီးဟာ ရုရှားနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၊ ဝန်ကြီးချုပ်နဲ့ ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့အပြင် အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ပါ အဆင့်မြင့်တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေပြီး စီးပွားရေး၊ လုံခြုံရေး၊



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ရာဂျာစတန်ပြည်နယ် ဂျေပူရ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်တွင် ရာဂျာစတန်ပြည်နယ် ဆေးဝါးနှင့်ကျန်းမာရေးဝန်ကြီး ဂါဂျန်ဒရာဆင်းနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။ (၁၇-၈-၂၀၂၆)

စွမ်းအင်နဲ့ နည်းပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေမှာလည်း နှစ်ဖက်ကျွမ်းကျင်သူတွေက အသေးစိတ်ညှိနှိုင်းဆွေးနွေးသွားကြဖို့ ပြင်ဆင်ထားကြပါတယ်။

နှစ်နိုင်ငံ ပြည်သူတွေအကြား ယဉ်ကျေးမှုဖလှယ်ရေးနဲ့ ပညာသင်ဆုအစီအစဉ်တွေကိုပါ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားဖို့ရှိနေတာကြောင့် လူငယ်လူရွယ်တွေအတွက် အခွင့်အလမ်းသစ်တွေ ပိုမိုပွင့်လင်းလာစေမှာဖြစ်ပါတယ်။ အစဉ်အလာကောင်းတဲ့ ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး နိုင်ငံတကာစင်မြင့်တွေမှာပါ နှစ်နိုင်ငံအပြန်အလှန်ထောက်ခံရပ်တည်ပေးမှုတွေက နိုင်ငံတကာ မိသားစုကြီးအတွင်းမှာ မြန်မာနိုင်ငံရဲ့ရပ်တည်မှုကို ပိုမိုခိုင်မာအားကောင်းစေပါတယ်။

**လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆို**

အနှစ်ချုပ် ပြောရမယ်ဆိုရင်တော့ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့

**နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ ယခုကဲ့သို့သော မဟာဗျူဟာမြောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် အကျိုးကျေးဇူးများစွာကို ဆောင်ကြဉ်းလာမှာ အမှန်ပါပဲ။ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုအထွတ်အထိပ်သို့ ရောက်ရှိစေရုံသာမက နှစ်နိုင်ငံပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေကိုပါ တစ်ရှိန်ထိုး မြင့်မားတိုးတက်လာစေမှာဖြစ် . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကာဇက်စတန်သမ္မတနိုင်ငံ အာမတီဒေသ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဒါရ်ခန်ဆာတီဘယ်လ်ဒီတို့ အာမတီမြို့အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်။ (၁၇-၈-၂၀၂၆)

လူမှုရေး ကဏ္ဍပေါင်းစုံမှာ နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမယ့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတွေကို အလေးထား ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒ့ါပြင် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေကို ဖော်ဆောင်ပေးမယ့် မြန်မာ-ရုရှား စီးပွားရေးဖိုရမ်ကိုလည်း နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက် မိန့်ခွန်းပြောကြားသွားဖို့ ရှိနေပါတယ်။

**နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်း**

နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏ တိုးတက်မြင့်မားလာစေရေးနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်တွေကို အကောင်အထည်ဖော်ဖို့အတွက် စီးပွားရေးဖိုရမ်က အဓိကအုတ်မြစ်တစ်ခု ဖြစ်လာမှာသေချာပါတယ်။ စက်မှုလက်မှု၊ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ ယခုကဲ့သို့သော မဟာဗျူဟာမြောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် အကျိုးကျေးဇူးများစွာကို ဆောင်ကြဉ်းလာမှာ အမှန်ပါပဲ။ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုအထွတ်အထိပ်သို့ ရောက်ရှိစေရုံသာမက နှစ်နိုင်ငံပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေကိုပါ တစ်ရှိန်ထိုး မြင့်မားတိုးတက်လာစေမှာဖြစ်တဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်းအပေါ် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ညွှတ်နူးသောစိတ်နှလုံးဖြင့် လှိုက်လှဲစွာတင်ပြလိုက်ရပါတယ်။ ။

**ရဲခေါင်**

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေတက်လာမှုအပေါ် မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်သော်လည်း ရာသီဥတုဒဏ်ကြောင့် ၎င်းရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် အထူးဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလ၌ ပေါ်ထွန်းခဲ့သော သောင်နှင့် ကျွန်းများ ရေမြုပ်၍ ရေမြွှာပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြွှာပေါက်ဖြတ်လမ်းများကိုဖြတ်သန်းခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်စွမ်းအားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြုခုတ်မောင်းရပါမည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး၊ ညအခါ မီးစိမ်းထွန်း၍ ပြသထားပါသည်။ ရေယာဉ်များ ဝင်ရောက်ဖြတ်သန်းခြင်း မပြုရမည့် ရေလမ်းတွင် နေ့အခါအနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း၍ ပြသထားပါသည်။

၄။ ရေများကာလတွင်မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေတတ်ပြီး တံတားတိုင်များအကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်တို့ကို ကြိုတင်စစ်ဆေးပြီး၊ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရပါမည်။ တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်(၂)စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်သည့် ဝန်နှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းရမည်ဖြစ်ပြီး မနိုင်ဝန်ကို သယ်ဆောင်ခြင်း မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရပါမည်။

၅။ ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်လာပါက ရေယာဉ်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင် တို့

## မီဒီယာများနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံပူးတွဲကြေညာချက်များနှင့် အပြန်အလှန် ပြောကြားချက်များ

(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ မော်စကိုမြို့)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က ပြောကြားရာတွင် -

ချစ်ခင်မြတ်နိုးအပ်ပါသော သူငယ်ချင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ရုရှားနိုင်ငံမှာ ထပ်မံတွေ့ဆုံခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ပါတယ်၊ ရုရှား-မြန်မာဆက်ဆံရေးသည် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုအပေါ်တွင် အခြေခံနေပါတယ်၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် တရားမျှတမှု၊ အပြန်အလှန်လေးစားမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းစေမှုတို့အပေါ်တွင် မူတည်ပါတယ်၊ ၁၉၅၀-၁၉၆၀ ခုနှစ်များအတွင်း မြန်မာနိုင်ငံက လူမှုရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးကဏ္ဍများအတွက် အကူအညီများစွာ ပေးခဲ့ပါတယ်၊ ဆိုဗီယက်ယူနီယံခေတ်က မြန်မာနိုင်ငံမှာ တည်ဆောက်ပေးခဲ့တဲ့ ကြီးမားတဲ့အခြေခံအဆောက်အအုံဖြစ်တဲ့ ဆေးရုံ၊ တက္ကသိုလ်တွေဟာ ယနေ့အထိ မြန်မာပြည်သူများကို အကျိုးပြုလျက်ရှိတာကို အထင်အရှားတွေ့မြင်နိုင်ပါတယ်။ အဓိကအနေဖြင့် လက်ရှိအချိန်အထိ ရုရှား-မြန်မာ ဆက်ဆံရေးသည် တိုးတက်ခိုင်မာလျက်ရှိသည်ကို ပြောကြားလိုပါတယ်၊ နှစ်နိုင်ငံအစိုးရ အချင်းချင်း ဆက်သွယ်မှုများ များစွာရှိပါတယ်၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအချင်းချင်း စနစ်တကျ ဆက်သွယ်ဆက်ဆံမှုများ ဆောင်ရွက်နေပါတယ်၊ လုံခြုံရေးကောင်စီအကြား၊ ပါလီမန်များအကြား၊ ပါတီများအကြား တွေ့ဆုံဆွေးနွေးမှုများလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်၊ နှစ်နိုင်ငံအကျိုးစီးပွားအတွက် စီမံကိန်းများစွာကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ဒီနေ့လည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။


နိုင်ငံတကာရေးရာ ကိစ္စရပ်များကိုလည်း ဒီနေ့ဆွေးနွေးနိုင်ခဲ့ပါတယ်၊ ရုရှား-မြန်မာ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ ဌာနများအချင်းချင်းအကြား သဘောတူညီချက်များစွာကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်၊ ဆက်လက်ပြီး စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ နှစ်နိုင်ငံအကြား ယုံကြည်မှုရှိတဲ့ ခိုင်မာတဲ့ ငွေပေးချေမှုစနစ်ရှိပါတယ်၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမှာ စွမ်းအင်ကဏ္ဍဟာ အရေးကြီးတဲ့ကဏ္ဍဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာ ကျောက်မီးသွေးစက်ရုံ၊ ရေနံချက်စက်ရုံ စီမံကိန်းများရှိပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာ သဘာဝသယံဇာတရှာဖွေရေး၊ မြန်မာနိုင်ငံကမ်းလွန်အပါအဝင် ရေနံဓာတ်ငွေ့တူးဖော်ရေး ပူးပေါင်းဆောင်ရွက်ဖို့ ဆန္ဒရှိပါတယ်၊ မြန်မာနိုင်ငံကို ရုရှားက LNG တင်ပို့ဖို့ အလားအလာများစွာ ရှိပါတယ်၊ အဆိုပါ LNG ကို ပြည်တွင်းအသုံးပြုရေးအပါအဝင် အခြားနိုင်ငံများကိုလည်း တင်ပို့လို့ရပါတယ်၊ အရင်နှစ်က မြန်မာနိုင်ငံမှာ အဏုမြူဓာတ်အားပေးစက်ရုံ တည်ဆောက်ဖို့ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်၊ ဒီစီမံကိန်းက နှစ်နိုင်ငံအတွက် အဓိကစီမံကိန်းလည်း ဖြစ်ပါတယ်၊ စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှာလည်း စီမံကိန်းအများအပြား ဆောင်ရွက်ဖို့ အလားအလာရှိပါတယ်၊ ဥပမာဆိုရင် မြန်မာနိုင်ငံမှာ သံမဏိစက်ရုံ၊ မြေသြဇာစက်ရုံလည်း တည်ဆောက်နေပါတယ်။

မြန်မာနိုင်ငံရဲ့ တောင်ဘက်ပိုင်းတွင်လည်း ရေနက်ဆိပ်ကမ်း တည်ဆောက်မှုစီမံကိန်းကိုဆွေးနွေးနေပါတယ်၊ High-Tech နယ်ပယ်မှာလည်း ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးနေပါတယ်၊ မြန်မာနိုင်ငံရဲ့ Digital နယ်ပယ်၊ Cyber Security အစရှိတဲ့ High-Tech နယ်ပယ်မှာ ရုရှားကုမ္ပဏီများရဲ့ အဆိုပြုချက် အစီအစဉ်အများအပြား ရှိပါတယ်။

အာကာသပူးပေါင်းဆောင်ရွက်မှုမှာ ၂၀၂၅ ခုနှစ်က နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါနယ်ပယ်များမှာ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်လျက်ရှိပါတယ်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကလည်း နှစ်နိုင်ငံအတွက် အရေးကြီးတဲ့နယ်ပယ်ဖြစ်ပါတယ်၊ နှစ်နိုင်ငံဗီဇာကင်းလွတ်ခွင့်စနစ်ဖြင့် သိပ္ပံပညာ၊ လူငယ်၊ ခရီးသွား၊ အားကစားသမားအများအပြား အပြန်အလှန် သွားလာနေကြပါတယ်၊ ဗလာဒီဗော့စတော့ခ်မြို့မှာ ရုရှားဆိုင်ရာ မြန်မာကောင်စစ်ဝန်ရုံး မကြာမီဖွင့်လှစ်တော့မှာဖြစ်ပါတယ်၊ ဒါ့အပြင် Altai, Kaluga, Moscow ပြည်နယ်များတွင်လည်း မြန်မာယဉ်ကျေးမှုဘာသာရေး Center ဖွင့်လှစ်ထားပါတယ်။

မြန်မာနိုင်ငံ၏ မြို့တော်တစ်ခုဖြစ်တဲ့ ရန်ကုန်မြို့မှာ ရုရှား Orthodox ခရစ်ယာန်ဘုရားကျောင်းဆောက်ဖို့ အတည်ပြုထားပါတယ်၊ မြန်မာနိုင်ငံမှာ ရုရှားဘာသာစကားကို စိတ်ဝင်စားမှု မြင့်တက်လာတာကို တွေ့ရတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်၊ ရုရှားဘာသာစကားကို ရန်ကုန်၊ မန္တလေးတက္ကသိုလ်တွေမှာ သင်ကြားပေးနေပြီး တပ်မတော်အကယ်ဒမီမှာလည်း သင်ကြားပေးနေပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားစဉ်။

မြန်မာနိုင်ငံက ရုရှားဆီက ပရိဂရမ်ကို ပါဝင်ဖို့အစီအစဉ်ရှိပါတယ်။ အခု ရုရှားတက္ကသိုလ်မှာ မြန်မာကျောင်းသား ကျောင်းသူ စုစုပေါင်း အယောက် ၄၀၀ ရှိပါတယ်။ ရုရှားတက္ကသိုလ်ကနေ အောင်မြင်ပြီးတဲ့ မြန်မာကျောင်းသား ကျောင်းသူကတော့ ၁၇၀၀၀ ဖြစ်ပါတယ်။ နိုင်ငံတကာကိစ္စရပ်များအတွက် ရုရှားနဲ့မြန်မာရဲ့ထင်မြင်ချက်က အလွန်နီးကပ်ပါတယ်။ ရုရှား-မြန်မာက နိုင်ငံတကာအဖွဲ့တွေ ကာကွယ်ရေးဆိုင်ရာနဲ့ ပြည်တွင်းရေးစွက်ဖက်မှုတွေအတွက် အချိန်တိုင်းကန့်ကွက်နေပါတယ်။ ရုရှား-မြန်မာ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုက ကောင်းစွာတိုးတက်နေပါတယ်။ မြန်မာ့ပင်လယ်ပြင်မှာ ရုရှား-မြန်မာ စစ်ဘက်လေ့ကျင့်မှု မကြာခဏဆောင်ရွက်နေပါတယ်။ ရုရှားရေတပ်သင်္ဘောတွေ မြန်မာပြည်ကို မကြာခဏလာရောက်ခဲ့ပါတယ်။ ဒီနေ့လာရောက်တဲ့ သမ္မတကြီးဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ သမ္မတကြီး ဦးမင်းအောင်လှိုင်က ရုရှားရောက်တဲ့အချိန်မှာ အစီအစဉ်တွေ အများအပြားရှိပါတယ်။ ရုရှားဝန်ကြီးချုပ်၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌနဲ့ တွေ့ဆုံမှုအပြင် အခြားဌာနတွေနဲ့ တွေ့ဆုံဖို့ အများကြီးရှိနေပါတယ်။ ဒါ့အပြင် အဆွေတော် ဦးမင်းအောင်လှိုင်က ဒူးမားပြည်နယ်ကိုလည်း ခရီးသွားဖို့ အစီအစဉ်ရှိပါတယ်။ ဒူးမားပြည်နယ်က ရုရှားရဲ့ ဗုဒ္ဓဘာသာနယ်မြေတစ်ခုဖြစ်ပါတယ်။ အခုခရီးစဉ်အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ ဒီနေ့လက်မှတ်ရေးထိုးမှုသည် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုနဲ့ လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေးအတွက် အထောက်အကူများစွာ ပေးမယ်လို့ မျှော်လင့်ပါတယ်။ လေးစားအပ်သော လူကြီးမင်းများကို ကျေးဇူးတင်ပါတယ်။

**အဆွေတော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နဲ့ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မီဒီယာအဖွဲ့ဝင်များ အားလုံး မင်္ဂလာပါခင်ဗျာ -**

ကျွန်တော့်အနေနဲ့ ရုရှားသမ္မတကြီး မစ္စတာ ဗလာဒီမာ ပူတင်ရဲ့ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံကို တရားဝင်ခရီးစဉ်အဖြစ် လာရောက်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ဟာ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့တာ ၇၈ နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် အစောဆုံးသံတမန်ဆက်ဆံရေး ထူထောင်ခဲ့တဲ့ နိုင်ငံတွေထဲက တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ဟာ မိတ်ဆွေရင်း၊ မိတ်ဆွေစစ် နိုင်ငံတွေဖြစ်ကြပြီး အပြန်အလှန် နားလည်မှု၊ လေးစားမှုတွေနဲ့ အခြေခံတည်ဆောက်ထားတဲ့ဆက်ဆံရေးကို ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်များကစပြီး မြန်မာ-ရုရှား ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အနီးကပ်ဆုံးနဲ့ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီပဲဖြစ်ပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်များအကြား မကြာခဏ တွေ့ဆုံဆွေးနွေးမှုဟာ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ဖို့အတွက်လည်း အဓိကတွန်းအားတစ်ရပ်ဖြစ်ပါတယ်။ သမ္မတကြီး ပူတင်နဲ့ ကျွန်တော်တို့ ယနေ့တွေ့ဆုံမှုဟာ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်နေတဲ့ အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်း မြှင့်တင်သွားဖို့အတွက် ကြီးမားတဲ့အထောက်အကူဖြစ်စေခဲ့ပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံအကြား ဆွေးနွေးသဘောတူထားတဲ့ ကိစ္စရပ်တွေ၊ သဘောတူညီချက်တွေအပေါ် အကောင်အထည်ဖော်မှု အခြေအနေနဲ့ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတွေကို ပြန်လည်သုံးသပ်ကာ ရရှိပြီးတဲ့တိုးတက်မှုတွေကို ထိန်းသိမ်းသွားဖို့နဲ့ ဆက်လက်တိုးမြှင့်သွားဖို့အတွက်လည်း ဆွေးနွေးသဘောတူညီနိုင်ခဲ့ပါတယ်။ မိမိတို့အနေနဲ့ ကာကွယ်ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အာကာသနည်းပညာ၊ ကျန်းမာရေးနဲ့ ခရီးသွားကဏ္ဍအပါအဝင် နယ်ပယ်ပေါင်းစုံမှာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမယ့် အလားအလာတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ပါတယ်။

ယခုဆိုရင် မြန်မာနိုင်ငံမှာ ဥပဒေပြုလွှတ်တော်တွေလည်း ပေါ်ပေါက်လာပြီဖြစ်လို့ ကျွန်တော်တို့ အစိုးရနှစ်ရပ်အကြားမှာသာမက လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့ကိုလည်း ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ဟာလည်း ယခုနှစ်၊ ဇန်နဝါရီလအတွင်းက စတင်အသက်ဝင်ခဲ့ပြီးဖြစ်တဲ့အတွက် ခရီးသွားကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှုနဲ့ နှစ်နိုင်ငံပြည်သူတွေအကြား ကူးလူးဆက်ဆံမှု ပိုမိုမြှင့်တင်နိုင်မယ့် အလားအလာများကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ ယခုခရီးစဉ်အတွင်းမှာ သဘောတူစာချုပ်/ နားလည်မှု စာချွန်လွှာ (၁၂) ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ နောက်ထပ်လည်း ကဏ္ဍပေါင်းစုံမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွေ ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိနေပါတယ်။ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ဟာ ဒေသတွင်းနဲ့ နိုင်ငံတကာမျက်နှာစာတွေမှာ အပြန်အလှန် အစဉ်ရပ်တည်ထောက်ခံပေးကြတဲ့ နိုင်ငံတွေလည်း ဖြစ်ကြပါတယ်။ မျက်မှောက်ခေတ်ကမ္ဘာ့ရေးရာ ကိစ္စရပ်တွေအပေါ်မှာလည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး နောင်အနာဂတ်မှာလည်း မိမိတို့နှစ်နိုင်ငံဟာ နိုင်ငံတကာမျက်နှာစာမှာ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားဖို့ ဆွေးနွေးသဘောတူခဲ့ကြပါတယ်။

**သမ္မတကြီး၊ နှစ်ဖက်ကိုယ်စားလှယ်များနဲ့ မီဒီယာအဖွဲ့ဝင်များ ခင်ဗျာ-**

မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာ ကျတဲ့နေရာမှာ တည်ရှိတဲ့နိုင်ငံဖြစ်တဲ့အပြင် အနီးအနားမှာလည်း ကြီးမားတဲ့ဈေးကွက်ကြီးရှိသလို သဘာဝသယံဇာတတွေလည်း ပေါကြွယ်ဝတဲ့နိုင်ငံတစ်ခုလည်းဖြစ်ပါတယ်။ စိုက်ပျိုးမြေဧက ၃၃ သန်းကျော်ရှိပြီး လုပ်သားအင်အားသာမက ကောင်းမွန်ပြီး သမမျှတတဲ့ ရာသီဥတုလည်း ရှိပါတယ်။ ဒါ့အပြင် မိုင်ပေါင်း ၁၃၀၀ ကျော် ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းတစ်ခုလည်း ရှိပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကောင်းတွေရှိတဲ့ မြန်မာနိုင်ငံမှာ ရုရှားနိုင်ငံရဲ့ နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်တွေကို လာရောက်ရင်းနှီးမြှုပ်နှံဖို့ သမ္မတကြီးမှတစ်ဆင့် ထပ်မံဖိတ်ခေါ်လိုပါတယ်။ မနက်ဖြန်မှာလည်း မြန်မာနဲ့ ရုရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖိုရမ်တစ်ခုကိုလည်း ကျင်းပပြုလုပ်သွားဖို့ ရှိပါတယ်။

**သမ္မတကြီး၊ နှစ်ဖက်ကိုယ်စားလှယ်များနဲ့ မီဒီယာအဖွဲ့ဝင်များ ခင်ဗျာ -**

မိမိတို့နိုင်ငံနဲ့ အစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ ရုရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်မြင့်မားလာစေဖို့အတွက် မိမိအနေနဲ့ သမ္မတကြီး ပူတင်၊ ရုရှားအစိုးရနဲ့ ပြည်သူတွေနဲ့အတူ လက်တွဲဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ ထပ်လောင်းဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

ပုသိမ် ဩဂုတ် ၁၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များကို ယနေ့ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရှိ Banquet Hall ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူ့လွှတ်တော်၏ လုပ်ငန်းတာဝန်များ အပေါ် မူတည်၍ ရှင်းလင်းပြောကြားရာတွင် လွှတ်တော်သည် မဏ္ဍိုင်အသီးသီးတွင် ဦးစီး၊ဦးဆောင်ပြုမည့်သူများကို ရွေးချယ်ပေးခြင်း၊ ဥပဒေပြုခြင်း၊ အစိုးရအား ထိန်းညှိဆောင်ရွက်ခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်းများ ဆောင်ရွက်ရပါကြောင်း၊ လွှတ်တော်သည် ပြည်သူနှင့် အစိုးရကြား ပြည်သူ့ဆန္ဒများကို ဖော်ဆောင်ပေးရသည့် ကြားခံမဏ္ဍိုင် တစ်ရပ်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူကိုကိုယ်စားပြုပြီး ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ရသည့် သူများဖြစ်သည့်အတွက် မြင့်မြတ်သည့် တာဝန်ကို ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များပင်ဖြစ်ပါကြောင်း၊ လွှတ်တော်၏ လုပ်ငန်းတာဝန်များကို အောင်မြင်စေရန်မှာ လွှတ်တော်တွင် ဖွဲ့စည်းထားသော ကော်မတီများ၏ စွမ်းဆောင်ချက်များအပေါ် မူတည်ပါကြောင်း၊ ထို့ကြောင့်ကော်မတီများသည် လွှတ်တော်ငယ်များဖြစ်ပြီး လွှတ်တော်အတွက် အဓိကကျသည့် မဏ္ဍိုင်များပင်ဖြစ်ပါကြောင်း။

လွှတ်တော်၏ အခန်းကဏ္ဍမြှင့်မား တိုးတက်စေရေးအတွက် မဟာဗျူဟာ စီမံချက်များချမှတ်၍ ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် သီးခြားသတ်မှတ်၍ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လူထုလူတန်းစားအသီးသီးက လွှတ်တော်ကို ပိုမိုသိရှိစေရေးနှင့် လွှတ်တော်၏ ဆောင်ရွက်ချက်များကို မျက်မြင်ကိုယ်တွေ့ ထိတွေ့နိုင်ရေးအတွက် လွှတ်တော်သို့ လာရောက်လေ့လာနိုင်ရန် ဖိတ်ကြားဆောင်ရွက်ခြင်းနည်းလမ်းများ၊ အွန်လိုင်းမီဒီယာ၊ printed media နည်းလမ်းများကို အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လွှတ်တော်၏ တံခါးဖွင့်ဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်အနေဖြင့် open parliament dayသတ်မှတ်ပြီး ကျောင်းသားလူငယ်များ၊ အဖွဲ့အစည်းအသီးသီးမှ ပြည်သူများ လွှတ်လပ်စွာလာရောက် လေ့လာနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဘာသာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ ပညာရှင်များ၊ လူငယ်အဖွဲ့အစည်းများ၊ အမျိုးသမီးရေးရာ အဖွဲ့အစည်းများအနေဖြင့် လွှတ်တော်သို့ လာရောက်ချိတ်ဆက် ဆောင်ရွက်နိုင်မည့် Join Parliament အစီအစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် လွှတ်တော်ကို ပြည်သူများသိရှိလာပြီး ပြည်သူပိုမိုယုံကြည်အားကိုးသော လွှတ်တော်တစ်ရပ်ဖြစ်လာအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်သည့်ကာလတွင် လွှတ်တော်ကဏ္ဍမြှင့်မားတိုးတက်ပြီး အရွေ့တစ်ခုသို့ ရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ကုန်စျေးနှုန်းကျဆင်းရေးဆိုင်ရာများနှင့် ပတ်သက်၍ ကျယ်ပြန့်စွာစဉ်းစားပြီး လွှတ်တော်အတွင်းမှ ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကော်မတီအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေး ဆောင်ရွက်ခြင်းဖြင့် ဥပဒေပြုရေးအတွက် လိုအပ်သော အချက်အလက် အထောက်အထားများနှင့် ကောင်းမွန်သော အကြံပြုချက်များ ရရှိလာမည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍပေါင်းစုံ၏ လိုအပ်ချက်များကို လွှတ်တော်အနေဖြင့် ထဲထဲဝင်ဝင် လေ့လာသုံးသပ် ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် ပြီးပြည့်စုံသော လွှတ်တော်ဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းက ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်၏ တတိယအကြိမ် ပုံမှန်အစည်းအဝေး ကျင်းပနေမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက လမ်းပန်းဆက်သွယ်ရေး ကိစ္စရပ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဆိုင်ရာကိစ္စရပ်များ၊ လက်ရှိဖြစ်ပေါ်နေသည့် ရေကြီးနစ်မြုပ်နေသည့် ကိစ္စရပ်များကိုတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ရေးရာများကော်မတီများ၏ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံရာ ကော်မတီဥက္ကဋ္ဌများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကူညီကယ်ဆယ်ရေး၊ ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးနှင့် ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။

❒ ဝန်မြစ်ရေကာတာမှ

ဆက်လက် ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝန်ပန်းတာမှ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် (Geobags) သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile(သံမဏိတိုင်များ)ရိုက်သွင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

❍ ရိုးရာလက်ဝှေ့ပြိုင်ပွဲမှ

ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၂၆တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲအမျိုးသား၅၁ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် မြင့်မြတ်မောင်(ပဲခူး)နှင့် ဂွမ်ဆန်ဆိုင်းအောင်(ကချင်)တို့ပွဲစဉ်တွင် မြင့်မြတ်မောင်(ပဲခူး)၊ ကျော်ကျော်ဌေး(မွန်)နှင့် ဖိုးသဲ(ကရင်)တို့ပွဲစဉ်တွင် ဖိုးသဲ(ကရင်)၊ အမျိုးသား ၅၄ ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် စောချစ်လေး(မွန်)နှင့် ထက်ရှိုင်းလွင်(စစ်ကိုင်း)တို့ ပွဲစဉ်တွင် စောချစ်လေး(မွန်)၊တမ်ဟာရှိန်း(ကရင်)နှင့် လင်းသူရအောင်(ရန်ကုန်)တို့ပွဲစဉ်တွင် တမ်ဟာရှိန်း(ကရင်)တို့က အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ၅၇ ကီလိုတန်းဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ထူးမြတ်လင်း (နေပြည်တော်)နှင့် ဝေယံမင်းသူ(ပဲခူး)တို့ပွဲစဉ်တွင် ဝေယံမင်းသူ(ပဲခူး)၊ ရန်မျိုးအောင်(ရန်ကုန်)နှင့် အောင်ထက်ကို (ကချင်)တို့ပွဲစဉ်တွင် အောင်ထက်ကို(ကရင်)၊ အမျိုးသားကီလို ၆၀ တန်း ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် လှိုင်မျိုးထွန်း(ကရင်)နှင့် လွင်စံထူး(မွန်)တို့ပွဲစဉ်တွင် လွင်စံထူး(မွန်)၊ သန်းလင်းအောင်(ပဲခူး)နှင့် သန်းဇော်ဦး(နေပြည်တော်) တို့ပွဲစဉ်တွင် သန်းလင်းအောင်(ပဲခူး)တို့က အသီးသီး အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ၅၄ ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ခတ္တာပန်း(မွန်)နှင့် သွယ်ဇင်ယွန်း(ပဲခူး)တို့ ပွဲစဉ်တွင် ခတ္တာပန်း(မွန်)၊ နန်းနွဲ့နွဲ့နှောင်း(ကရင်)နှင့် ကော်ရက်တီ(ကယား)တို့ပွဲစဉ်တွင် နန်းနွဲ့နွဲ့နှောင်း (ကရင်)တို့က အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

STA

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းနာယကနှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၈**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ပိုင်းမော်မြို့နယ် အခြေစိုက် လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းနာယက ဦးဘီထောဇောင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိန်းသိမ်းထားရှိမှုအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အိန္ဒိယသမ္မတနိုင်ငံနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၁၈**

အိန္ဒိယသမ္မတနိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အသေးစားဖွံ့ဖြိုးမှုစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့ ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အိန္ဒိယသံအမတ်ကြီး H.E.Mr. Abhay Thakur နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်လင်းတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် အိန္ဒိယသံအမတ်ကြီး H.E.Mr. Abhay Thakur တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် အိန္ဒိယသံအမတ်ကြီးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပြီး အပြန်အလှန် လဲလှယ်ကာ ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယသံအမတ်ကြီးတို့က အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ရန်ကုန်မြို့ ဒဂုံမြို့သစ်ခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၌ ကူညီထောက်ပံ့ပေးရေးပစ္စည်းများ ထားရှိရန် ၁၃၀ x ၃၀ x ၂၄ ပေRC နှစ်ထပ်သိုလှောင်ရုံ တည်ဆောက်ခြင်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ရာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုစေမည့်ပစ္စည်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအတွက် အရေးပေါ်လိုအပ်သည့်ပစ္စည်းများ သိုလှောင်ထားရှိပြီး လိုအပ်မှုရှိတိုင်း အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးမှုများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများ ကျင်းပ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၁၈**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များ ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်လန်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ဆရာ၊ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ရှေ့တန်းပြန်တပ်မတော်သားများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်ကြသည်။

အလားတူ အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုပွဲများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်းရှိ နယ်မြေခံတပ်ရင်းများ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲ ကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ၁၅ ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ





**မန္တလေး ဩဂုတ် ၁၈**

၁၅ ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်တို့မှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ စာတမ်းရှင်သုတေသီများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားကို တိုင်းရင်းဆေးပညာရှင်များ၏ နဝရတ်ကတိသစ္စာကို သံပြိုင်ရွတ်ဆိုကာဖွင့်လှစ်၍ သဘာပတိကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ဧည့်သည်တော်များနှင့်အတူ ပြသထားသော သုတေသနပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို အစီအစဉ်တိုင်း ဆက်လက်ကျင်းပရာ ပထမနေ့တွင် စာတမ်းခုနစ်စောင်ဖတ်ကြားခဲ့ကြောင်းနှင့် စာတမ်းဖတ်ပွဲကို ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်ထိ စာတမ်း ၁၅ စောင်၊ ပိုစတာလေးစောင်တို့ကို တင်သွင်းဖတ်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ



**မန္တလေး ဩဂုတ် ၁၈**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၂၀ ကို သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**

## ထူးခြားသည့် နေ့အပူချိန်များ (၁၈ - ၈ - ၂၀၂၆)

| | | | | | | | |
|---|---|---|---|---|---|---|---|
| မြင်းမူ | ၃၈ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် | မုံရွာ | ၃၆ | ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် | ကျောက်ဆည် | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | မြင်းခြံ | ၃၅ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၃၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် ဩဂုတ် ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်း ဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများ၊ အကောင်းဆုံး အားကစားသမားဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဒိုင်းဆုရရှိသည့် အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၆ သင်း၊ အမျိုးသမီးအသင်း ၁၆ သင်းတို့ဖြင့် ဩဂုတ် ၃ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (ဖဝ၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် ဩဂုတ် ၁၈**

ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှု၍ စိတ်ကြည်လင်လန်းဆန်းစေပြီး ကျန်းမာသန်စွမ်းစွာ ပညာသင်ကြားနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ရေဆင်း)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် ပြကွက်များကို ကြည့်ရှုလေ့လာကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ခဲ့ကြသည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်–

"ကျွန်မတို့ကျောင်းက ကလေးတွေက တပ်မတော်စစ်သမိုင်းပြတိုက်ကို လေ့လာရေးခရီးစဉ်လာရောက်တာပါ။ ကျွန်မတို့ ဒီနေ့ လာရောက်လေ့လာရေးခရီးစဉ်မှာ ပါလာတာကတော့ အလယ်တန်းနဲ့ အထက်တန်း စုစုပေါင်း ၉၇၄ ယောက်ပါပါတယ်။ လာရတဲ့ရည်ရွယ်ချက်ကတော့ တပ်မတော်စစ်သမိုင်းပြတိုက်မှာရှိတဲ့ တပ်မတော် (ကြည်း၊ ရေ၊ လေ)ရဲ့ အထင်ကရနေရာတွေကို ကလေးတွေ သိရှိသွားအောင်လို့ လာရောက် လေ့လာစေခြင်းပဲဖြစ်ပါတယ်။

အခုလို လာရောက်လေ့လာရတဲ့အတွက် ကလေးတွေကို ကျွန်မတို့ သင်ကြားတဲ့အခါမှာဆိုရင် စာတွေ့ပဲ မဟုတ်ဘဲနဲ့ အခုလက်တွေ့ပါ သူတို့ကို တကယ်သိသိသာသာမြင်စေမယ့် လက်တွေ့မြင်ကွင်းတွေကို ဒီမှာတာဝန်ရှိတဲ့သူတွေ ရှင်းပြတဲ့အတွက်ကြောင့် ကလေးတွေရဲ့ ဗဟုသုတတွေလဲ ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ အခုလေ့လာရေးခရီးစဉ်ဟာ ကျွန်မတို့ ကလေးတွေအတွက် အများကြီး အထောက်အကူပြုပါတယ်။ နောင်တစ်ချိန်မှာ ကျွန်မတို့ကလေးတွေကလဲ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှာ တာဝန်ထမ်းဆောင်နေတဲ့သူတွေကိုကြည့်ပြီးတော့ သူတို့ရဲ့ ရည်မှန်းချက်တွေ ရှိခဲ့တဲ့သူတွေဆိုရင်လဲ သူတို့ရည်မှန်းချက်ရောက်အောင်လို့ ဘယ်လိုကြိုးစားရမလဲ၊ နိုင်ငံတော်ကို ဘယ်လိုကာကွယ်စောင့်ရှောက်ရမလဲဆိုတဲ့ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်တဲ့ စိတ်တွေလဲ ပေါက်ဖွားလာမှာဖြစ်ပါတယ်။ ကျွန်မတို့ကလေးတွေကို တပ်မတော် (ကြည်း၊ ရေ၊ လေ)မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ နိုင်ငံတော်အကြီးအကဲတွေအကြောင်းတွေ၊ တိုက်ပွဲတွေမှာ အသက်ကိုစတေးပြီးတော့ ရှုပ်ရှုပ်ချုံချုံတာဝန်ထမ်းဆောင်ခဲ့လို့ သူရဘွဲ့ရတဲ့ အရာရှိတွေ၊ အခြားအဆင့်တွေအကုန်လုံးကိုလဲ ကျွန်မတို့ကလေးတွေကို ပြောပြခွင့်ရတဲ့အတွက်ကြောင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဒီနေ့လေ့လာရေးခရီးစဉ်ဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်အဆင့်လူကြီးတွေ အကုန်လုံးရယ် ပြီးတော့ ကျွန်မတို့ကလေး



တွေအကုန်လုံးကို ဖော်ရွေနွေးထွေးစွာ ကြိုဆိုပေးတဲ့ စစ်သမိုင်းပြတိုက်က တာဝန်ရှိတဲ့သူတွေကိုလဲ အထူးပဲကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

"ကျွန်တော်တို့ကျောင်းမှာ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းကို သင်ကြားရတဲ့ တစ်လျှောက်လုံးက စာတွေ့တွေပဲဖြစ်နေတယ်။ အခုလို နိုင်ငံတော်အစိုးရကနေပြီးတော့ ကျွန်တော်တို့အတွက် စာတွေ့၊ လက်တွေ့တွေနဲ့ပေါင်းပြီးတော့ ပညာဗဟုသုတတွေတိုးပွားအောင် အခုလိုလေ့လာရေးခရီးစဉ်တွေ ပို့ဆောင်ပေးတဲ့အတွက် တာဝန်ရှိတဲ့လူကြီးများကိုလဲ အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော် ကျောင်းသား တစ်ယောက်အနေနဲ့လဲ တအားကို ပျော်ရွှင်ကြည်နူးမိပါတယ်။ အခု တပ်မတော်စစ်သမိုင်းပြတိုက်မှာ ဘယ်အပိုင်းတွေ စိတ်ဝင်စားခဲ့သလဲဆိုရင် အထူးသဖြင့် တင့်ကားပေါ့နော်။ တစ်ခါမှ မတွေ့ဖူးခဲ့ပါဘူး။ တင့်ကားရဲ့လုပ်ဆောင်ချက်တွေကို ကျွန်တော်တို့ လက်တွေ့ကျကျလေ့လာခဲ့ရတဲ့အတွက် ဗဟုသုတတွေ ပိုပြီးတိုးပွားပါတယ်။ နောက်ထပ်လေ့လာဖြစ်တာကတော့ တပ်မတော်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွေကို စိတ်ပါဝင်စားစွာလေ့လာဖြစ်ခဲ့ပါတယ်။ ကျောင်းသားတစ်ယောက်အနေနဲ့ တပ်မတော်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုတွေကို အသေးစိတ်လေ့လာခဲ့ရတဲ့အတွက် တပ်မတော်ကို ပိုပြီးတော့လဲ လေးစားတဲ့စိတ်တွေဖြစ်ပေါ်လာတယ်။ မျိုးချစ်စိတ်ဓာတ်တွေလဲ ပိုမိုပြင်းထန်လာပါတယ်။ အခုလိုလေ့လာရေးခရီးစဉ်မျိုးကို နောက်ထပ် သွားချင်ပါသေးတယ်ခင်ဗျာ။



ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ကျောင်းသားတွေဟာ ကျောင်းမှာ စာပဲသင်နေတဲ့အတွက်ကြောင့် အခုလိုပြင်ပဗဟုသုတတွေလဲရပါတယ်။ စိတ်ကိုလဲ Relax ဖြစ်စေပါတယ်။ ကျောင်းသားတွေအတွက်လဲ စူးစမ်းလေ့လာချင်စိတ်ကို ပိုပြီးတော့ဖြစ်စေပါတယ်။ ဒါကြောင့် နောက်ထပ်လဲ အခုလိုလေ့လာရေးအစီအစဉ်တွေကို သွားချင်ပါသေးတယ်"ဟု ပြောသည်။ (ဖဝ၁)

**"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"ရေဘေးသင့်ချင်းတူပေမယ့် အကြမ်းဖက်သမားများကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အလှမ်းဝေးနေရသော ပြည်သူများ"**ခေါင်းစဉ်ဖြင့် ၁၉-၈-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၆-၈-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"အစိုးရသစ်၏ ပိုမိုခိုင်မာလာသော နိုင်ငံတကာ မိတ်ဖက်ဆက်ဆံရေး"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မိုးရွာသွန်းမှုများကြောင့် ဆင်သေချောင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ပါက ပုံမှန်အတိုင်းသွားလာနိုင်ရေး ပြင်ဆင်ထားရှိ



နေပြည်တော် ဩဂုတ် ၁၈ အတွင်း မိုးရွာသွန်းမှုများကြောင့် နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေချောင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ပါက နွယ်ရစ်ကျေးရွာချင်းဆက်လမ်းမှ ရန်ကုန်-မန္တလေး(လမ်းဟောင်း) သို့လည်းကောင်း၊ ဂါတ်ကုန်း-ဂါတ်ချိုင်း ကျေးရွာချင်းဆက်လမ်းမှ ပုဗ္ဗသီရိမြို့ပတ်လမ်းများသို့လည်းကောင်း ပုံမှန်အတိုင်းသွားလာနိုင်ရေး ပြင်ဆင်ထားရှိကြောင်း သိရသည်။

ထိုသို့ ပြင်ဆင်ထားရှိမှုများနှင့် မိုးရွာသွန်းမှုကြောင့် ဆင်သေချောင်းရေမြင့်တက်လာမှုအခြေအနေများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် နေပြည်တော် ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးပြီး ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ချောင်းဘေးဝဲယာရှိ ကျေးရွာများအတွင်း ရေဝင်ရောက်မှုမရှိစေရေးနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုမရှိစေရေး လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာအဝင် ဆင်သေချောင်းကူးတံတားတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ နေပြည်တော် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရေကြီးရေလျှံမှုလျော့ပါးစေရေးနှင့် ရေလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အစီအမံများ၊ နေပြည်တော်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆင်သေချောင်းကူး(ရွှေမြို့ကျေးရွာအဝင်) ဘေလီတံတား ပေ ၉၅၀ တည်ဆောက်ခြင်း ပထမပိုင်း စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဘေလီတံတားပြီးစီးမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တံတားတည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# ဝေန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

ပုသိမ် ဩဂုတ် ၁၈

ဝေန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းပိတ်ဆို့နိုင်ရေး Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်တွဲများအပါအဝင် Jumbo Bags ကို ကရိန်းအသုံးပြု၍လည်းကောင်း၊ ပန်းတာရေဝင်လမ်းပိတ်ဆို့ကာကွယ်မည့် (Geobags) ချသည့် ဒဂုန်စာမရီရေယာဉ်နှင့် မြပဟန်တိုးသဲယာဉ်တို့ဖြင့်လည်းကောင်း၊ မျောတုတ်တန်းအပြင်ဘက်ခြမ်းတွင် ပိုမိုတောင့်တင်းစေရန် နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့် သဲအိတ်ဖြည့်ကာကွယ်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ရေဝင်လမ်းကြောင်းပိတ်ဆို့မှုကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ ပညာရှင်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်နေခြင်းဖြစ်ပြီး ယနေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် သရက်ကန်ကျေးရွာ၌ ရေဘေးရှောင်ပြည်သူများနှင့်တွေ့ဆုံ၍ ပြည်သူများအနေဖြင့် ရင်ဆိုင်နေရသည့် အခက်အခဲများကို စိတ်ဓာတ်မကျဘဲ အချင်းချင်း ဖေးမကူညီရင်း ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့်အကူအညီများကို ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ရပ်ရွာလုံခြုံရေးပိုင်းဆိုင်ရာများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူက မြွေအန္တရာယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး ရေဘေးရှောင်ပြည်သူများကို ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထို့အတူ လေးမျက်နှာမြို့နယ် ညောင်ပင်ဝဲကျေးရွာ၌ ရေဘေးရှောင်ပြည်သူများနှင့်တွေ့ဆုံ၍ ဟင်္သာတမြို့ ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန်က ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။



ယနေ့နံနက်ပိုင်းကလည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် Wilmar Myanmar (ဝေလ်မာမြန်မာ)လီမိတက်နှင့် National Infrastructure Holding ကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ ငွေကျပ် ၁၆၃၇ သိန်းကျော်တန်ဖိုးရှိ ခြံစောင်အထည် ၁၀၀၀၊ ကုလားပဲ 30 kg အိတ် ၆၅၀၊ အချိုမှုန့်အထုပ် ၁၀၀၀၊ ငါးပိချက်အထုပ် ၃၈၀၀ နှင့် အလှူငွေကျပ်သိန်း ငါးရာပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ယမန်နေ့နံနက်ပိုင်းကလည်း လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းက ရေသန့်ကတ် ၅၀၀ နှင့် Galaxy Red Star ကုမ္ပဏီလီမိတက်တို့က ရေသန့်ကတ် ၁၀၀၀ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။


**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ■ မိုးထစ်ချုန်းရွာနိုင်မှ

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးသင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**




## ❖ မီးရထားခရီးစဉ်စတင်ပြေးဆွဲမှ

မြန်မာ့မီးရထားနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သူရဲဈေး-တောင်ပြုံး မီးရထားခရီးစဉ် စတင်ပြေးဆွဲခြင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်၍ သူရဲဈေးဘူတာမှ တောင်ပြုံးဘူတာသို့ RBE ရထားဖြင့် စီးနင်းလိုက်ပါ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် တောင်ပြုံးဆုတောင်းပြည့် ဆုတောင်းရမြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ ဘုရားဖူးလာပြည်သူများနှင့် တောင်ပြုံးပွဲတော်အနယ်နယ်အရပ်ရပ်မှ ပြည်သူများ၊ ဈေးဆိုင်ခန်းဖွင့်လှစ်ရောင်းချနေမှုများကို ကြည့်ရှုအားပေးသည်။

မန္တလေး-မတ္တရာလမ်းပိုင်း မီးရထားခရီးစဉ် ပြန်လည်ပြေးဆွဲနိုင်ရေး လိုအပ်သည့် ပြုပြင်ဆောင်ရွက်မှုများကို စီမံလုပ်ဆောင်ခဲ့ပြီး မန္တလေး-မတ္တရာလမ်းပိုင်း မပြေးဆွဲနိုင်သည့်ကာလတွင် အများပြည်သူ ခရီးသွားလာမှုအဆင်ပြေစေရေးအတွက် သူရဲဈေးဘူတာမှ တောင်ပြုံးခရီးစဉ်ကို ပွဲတော် ၁၀ ရက်တာကာလအတွင်း ဈေးနှုန်းသက်သာပြီး ပျော်ရွှင်စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ပြေးဆွဲပေးခဲ့ခြင်းဖြစ်ပြီး မန္တလေး-မတ္တရာလမ်းပိုင်း ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် မြို့ဟောင်းဘူတာမှ မတ္တရာဘူတာထိ ရထားလမ်းပိုင်းတစ်လျှောက် လိုအပ်သည့်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# ဘယ်လ်ဂျီယံနိုင်ငံအရှေ့ဘက်ပိုင်းတွင် လောင်ကျွမ်းနေသည့်တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်



ဘရပ်ဆဲလ် ဩဂုတ် ၁၈

ဘယ်လ်ဂျီယံနိုင်ငံ အရှေ့ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး ယနေ့တွင် စတင်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ဘယ်လ်ဂျီယံ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ဘယ်လ်ဂျီယံနိုင်ငံ အရှေ့ဘက်ပိုင်းတွင် ပြီးခဲ့သော ရက်သတ္တပတ်ကတည်းက တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး နေအိမ်များနှင့် အခြေခံ အဆောက်အအုံများသို့ ကူးစက်လောင်ကျွမ်းခဲ့ရာ ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ တောမီးကို ဝေဟင်နှင့် မြေပြင် ပူးပေါင်း၍ငြိမ်းသတ်နေပြီး ရာသီဥတုအခြေအနေကြောင့် တောမီးကို ထိန်းချုပ်နိုင်ရန်ခက်ခဲခဲ့သော်လည်း ယခုအခါ မိုးရွာသွန်းမှုကြောင့် စတင်ထိန်းချုပ်နိုင်လာပြီဖြစ်ကြောင်း ဘယ်လ်ဂျီယံ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ဘယ်လ်ဂျီယံနိုင်ငံ အရှေ့ဘက်ပိုင်းမှာလောင်ကျွမ်းနေတဲ့ တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ မိုးရွာလာလို့ အခုလို ထိန်းချုပ်နိုင်တာဖြစ်ပါတယ်။ လေကြောင်းအင်အား သုံးထားသလို မြေပြင်ကနေလဲ တောမီးကို ငြိမ်းသတ်ပေးဖို့ ကြိုးစားနေကြတယ်။ မိုးရွာလိုက်တော့ နေရာတချို့မှာ တောမီးကို စတင်ထိန်းချုပ်လာနိုင်ခဲ့တာဖြစ်ပါတယ်။ ရာနှုန်းပြည့် ထိန်းချုပ်နိုင်ဖို့အတွက် ဆက်လက်ကြိုးစားနေပါတယ်"ဟု ဘယ်လ်ဂျီယံ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဖိလစ်ပိုင်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် လူ ၂၃ ဦးထက်မနည်းသေဆုံးကာ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်း

မနီလာ ဩဂုတ် ၁၈

ဖိလစ်ပိုင်နိုင်ငံ အနောက်တောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းနေပြီး မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေသည့် ရက်သတ္တပတ်အတွင်း သေဆုံးသူ ၂၃ ဦးထိ မြင့်တက်လာခဲ့ကြောင်း အမျိုးသားသဘာဝဘေးဒဏ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီ(NDRRMC)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် မိုးရာသီကာလရောက်ရှိနေပြီး အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းကြောင့် အန္တရာယ်ရှိသည့် ရေကြီးရေလျှံမှုနှင့် ရင်ဆိုင်နေရကြောင်း၊ လူဇွန်ကျွန်းနှင့် ဗီဆာယက်စ်နယ်မြေရှိ နေရာအနှံ့အပြားတွင် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး လမ်း၊ တံတားအမြောက်အမြားလည်းပျက်စီးနေကြောင်း၊ လျှပ်စစ်မီးပြတ်တောက်မှုများလည်း ဖြစ်ပေါ်နေသကဲ့သို့ သောက်သုံးရေပေးဝေမှုစနစ် တချို့ကိုလည်း ရပ်ဆိုင်းထားရကြောင်း အမျိုးသား သဘာဝဘေးဒဏ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီ (NDRRMC) က ထုတ်ပြန်ခဲ့သည်။

"အနောက်တောင်ဘက်ပိုင်းဒေသတွေမှာ အပူပိုင်းမုန်တိုင်း ဝင်ရောက်ခဲ့ပြီးတော့ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပါတယ်။ မိုးရေချိန်မြင့်မားတဲ့အတွက် အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လကတည်းက မကြာခဏ မိုးရွာသွန်းမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီနှစ် မိုးရာသီကာလအတွင်း ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၂၃ ယောက်ထိ မြင့်တက်လာခဲ့ပြီဖြစ်ပါတယ်။ လက်ရှိ ရင်ဆိုင်နေရတဲ့ ရေကြီးရေလျှံမှုကြောင့် လမ်း၊ တံတား တော်တော်များများ ပျက်စီးနေတယ်။ ဒေသခံအမြောက်အမြားလဲ ဘေးလွတ်ရာရွှေ့ပြောင်းနေရပါတယ်။ လူဇွန်ကျွန်းနဲ့ ဗီဆာယက်စ်နယ်မြေမှာရှိတဲ့ နေရာ တော်တော်များများမှာ ရေလွှမ်းနေပါတယ်"ဟု အမျိုးသားသဘာဝဘေးဒဏ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီ(NDRRMC) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# တရုတ်နိုင်ငံအနောက်တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာဆက်လက်ရွာသွန်းနိုင်သဖြင့် ပြည်သူများသတိပြုနေထိုင်ရန် ဒေသဆိုင်ရာအစိုးရ တိုက်တွန်း

ပေကျင်း ဩဂုတ် ၁၈

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိရာ ဩဂုတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဆက်လက်ရွာသွန်းနိုင်သဖြင့် ဒေသဆိုင်ရာအစိုးရက ပြည်သူများကို သတိပြုနေထိုင်ရန် တိုက်တွန်းထားကြောင်း ယနေ့သတင်းများအရ သိရသည်။

လက်ရှိတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှု၊ ရေကြီးရေလျှံမှုကဲ့သို့ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နေကြောင်း၊ ဩဂုတ် ၁၇ ရက်က တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ကွမ်ရှီးဒေသ နန်ဒန်ကောင်တီရှိ ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုတွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူတစ်ဦးသေဆုံးပြီး လေးဦးပိတ်မိနေကြောင်း၊ အနောက်တောင်ပိုင်းရှိ ချွမ်ပြည်နယ် အနောက်မြောက်ပိုင်းရှိ ရှန်ရှီးဒေသတို့တွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုခြင်းတို့ဖြစ်ပေါ်နေကြောင်း၊ အဆိုပါမြေပြိုမှုများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ဒေသဆိုင်ရာအစိုးရ၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။



ပြီးခဲ့သည့် ရက်သတ္တပတ်က တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ဒေါ်ဖင်၏ သက်ရောက်မှုကြောင့် တရုတ်နိုင်ငံ အရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အမေရိကန်နိုင်ငံ ဟာဝိုင်အီပြည်နယ်တွင် လာလာအပူပိုင်းမုန်တိုင်းကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ရင်ဆိုင်နေရ

ဝါရှင်တန် ဩဂုတ် ၁၈

အမေရိကန်နိုင်ငံ ဟာဝိုင်အီပြည်နယ်တွင် လာလာအပူပိုင်းမုန်တိုင်းကြောင့် လူဦးရေ ၁၁၀၀၀ ကျော် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ရင်ဆိုင်နေရကြောင်း အမေရိကန်နိုင်ငံတစ်ဝန်းလျှပ်စစ်ဓာတ်အားပေးဝက်ဘ်ဆိုက်(PowerOutage.us) ၏ ယနေ့ သတင်းအချက်အလက်များအရ သိရသည်။

ဟာဝိုင်အီပြည်နယ် လူဦးရေ၏ ၉၅ ရာခိုင်နှုန်းခန့်ကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်နှင့် ဖြန့်ဖြူးပေးနေသည့် ဟာဝိုင်အီ လျှပ်စစ်ဓာတ်အားပေး ဌာန၏ အခြေခံ အဆောက်အအုံများ လာလာအပူပိုင်းမုန်တိုင်းကြောင့် ဩဂုတ် ၁၇ ရက်က ပျက်စီးခဲ့သဖြင့် ယနေ့တွင် ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိကြောင်း၊ ဟာဝိုင်အီကျွန်းနှင့်မော်အီကျွန်းရှိ ဝေးလံခေါင်သီသော ဒေသများတွင် အခြေခံအဆောက်အအုံများ၊ လူနေအိမ်များ ထိခိုက်ပျက်စီးခဲ့ကြောင်းမှုအတိအကျကို အကဲဖြတ်ရန် ဒေသအာဏာပိုင်များက ရဟတ်ယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များအသုံးပြု၍ စစ်တမ်းများ ကောက်ယူနေကြောင်း သိရသည်။

အရှေ့ပိုင်းဟိုနိုလူလူ၊ မီလီလာနီနှင့် ဝင်းဝါ့ဒ်ဒေသများရှိ လူဦးရေ ၅၅၀၀၀ ခန့်ကို ညတွင်းချင်း လျှပ်စစ်ဓာတ်အား ပြန်လည်ပေးနိုင်ခဲ့ကြောင်း၊သို့သော် အမျိုးသားဟာရီကိန်းမုန်တိုင်းဌာန၏ နောက်ဆုံးထုတ်ပြန်ချက်အရ လာလာအပူပိုင်းမုန်တိုင်းသည် ဟာဝိုင်အီပြည်နယ်လီဟူးမြို့၏အနောက်တောင်ဘက်တွင် တည်ရှိနေသေးသဖြင့် လေပြင်းတိုက်ခတ်မှု၊ မိုးရွာသွန်းမှုများ ထပ်မံဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲကြရန် ဒေသအာဏာပိုင်များက ပြည်သူများကို သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# တောင်ကိုရီးယားနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာသတိပေးချက်များ အချိန်မီတိကျစွာထုတ်ပြန်နိုင်ရေး AIနည်းပညာဖြင့် အဆင့်မြှင့်တင်မည်

ဆိုးလ် ဩဂုတ် ၁၈

တောင်ကိုရီးယားနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ပြည်သူများကို အချိန်နှင့်တစ်ပြေးညီ တိကျစွာသတိပေးချက် ထုတ်ပြန်နိုင်ရေးအတွက် စောင့်ကြည့်တိုင်းတာရေး စနစ်များကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား ပြည်ထဲရေး၊ လုံခြုံရေးနှင့် သိပ္ပံဝန်ကြီးဌာန(ICT)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

စောင့်ကြည့်တိုင်းတာရေး စနစ်များကို AI နည်းပညာဖြင့် အဆင့်မြှင့်တင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ AI နည်းပညာဖြင့် သဘာဝဘေးဒဏ် သတိပေးချက်များကို စမတ်နာရီများဖြင့် ချိတ်ဆက်ကာ ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ သတိပေးချက်များ ထုတ်ပြန်နိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ကြောင့် မလိုလားအပ်သောဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက်ရည်ရွယ်၍ သတိပေးစနစ်များကို အဆင့်မြှင့်တင်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ပြည်ထဲရေး၊ လုံခြုံရေးနှင့် သိပ္ပံဝန်ကြီးဌာန(ICT) ထုတ်ပြန်ခဲ့သည်။

"သဘာဝဘေးဒဏ်ကြောင့် နှစ်စဉ် မလိုလားအပ်တဲ့ဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အထူးသဖြင့်တော့ ပြည်သူတချို့ သဘာဝဘေးဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရတယ်။ ကဏ္ဍအသီးသီးကလဲ ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒီလို မလိုလားအပ်တဲ့ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတာက ကြိုတင်သတိပေးချက်တွေကို အချိန်မီ ထုတ်ပြန်မပေးနိုင်လို့ ဖြစ်ပါတယ်။ အချိန်မီမသိရတဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ မလုပ်နိုင်ခဲ့ဘူး။ ဒါကြောင့် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နိုင်ဖို့အတွက် ကြိုတင်သတိပေးစနစ်တွေကို အဆင့်မြှင့်တင်သွားမယ်။ AI နည်းပညာနဲ့ အဆင့်မြှင့်တင်သွားမှာ ဖြစ်ပါတယ်"ဟု တောင်ကိုရီးယား ပြည်ထဲရေး၊ လုံခြုံရေးနှင့် သိပ္ပံဝန်ကြီးဌာန (ICT)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ကောင်းမွန်စွာနေထိုင်ရန် ခံဝန်ချုပ် ချုပ်ဆိုခြင်း

စိန်လှိုင်ဗိုလ်

၁၉၇၆ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးစာအုပ်ကို ဖတ်ရှုလိုက်ရသည်။ စီရင်ဆုံးဖြတ်ထုံးဖွဲ့ပုံနှိပ်မှတ်တမ်းတင်ခဲ့သောအမှုတစ်ခုကို စာရေးသူသည် စိတ်ဝင်စားစွာဖြင့် အကြိမ်ကြိမ်ဖတ်ရှုနေမိသည်။ အကြိမ်ကြိမ်ဖတ်ရှုနေရခြင်းမှာ ကောင်းစွာနားမလည်၍ ကောင်းစွာမရှင်းလင်း၍ဖြစ်သည်။ စီရင်ထုံးများစွာကို စုပေါင်း၍စာအုပ်ထုတ်ဝေခြင်းဖြစ်ရာ သက်ဆိုင်ရာတို့အနေဖြင့်လည်း လိုရင်းတိုရှင်းသာ ဖော်ပြနိုင်ပေလိမ့်မည်။ ရှေ့နေတစ်ယောက်သည်ပင်လျှင် တစ်ကြိမ်တည်းဖတ် တစ်ကြိမ်တည်းမရှင်းလင်းလျှင် ပြည်သူများအနေနှင့် အလွယ်တကူသိရှိနိုင်ရန်မလွယ်ကူနိုင်။ ထိုစီရင်ထုံးပါ ရည်ညွှန်းသောပြစ်မှုကျင့်ထုံးဥပဒေများကို ရှာဖွေထုတ်နုတ်၍ ဥပဒေဗဟုသုတအလို့ငှာ ရေးသားတင်ပြပါဦးမည်။

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၀၇ ၏ ပြဋ္ဌာန်းချက်မှာ "အများပြည်သူတို့ငြိမ်သက်အေးချမ်းစွာနေထိုင်ခြင်းကိုဖျက်ဆီးစေရန်လုပ်မည်ဟု ယူဆသူအပေါ် ထိုသို့မပြုလုပ်နိုင်ရန်အတွက် ကာလအပိုင်းအခြားသတ်မှတ်၍ လုံလောက်သောအာမခံပြုလုပ်စေခြင်း"ဖြစ်သည်။**

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၀၇ အရ အရေးယူသောအမှုများတွင် ကျင့်ထုံးဥပဒေပုဒ်မ ၁၁၂ အရ တရားရုံးက ဆောင်ရွက်ရန်လိုကြောင်း** စီရင်ထုံးတွင်ဖော်ပြထားရာ စာဖတ်သူများအနေနှင့် ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၁၀၇ နှင့် ၁၁၂ တို့ပါ ပြဋ္ဌာန်းချက်များကို သိရှိထားမှသာလျှင် အလွယ်တကူဖတ်ရှုနားလည်နိုင်မည်ထင်သည်။ ဥပမာအားဖြင့် **လူတစ်ဦးကို တစ်နှစ်အတွင်းကောင်းမွန်စွာနေထိုင် သင့်တော်သော ခံဝန်ချုပ်ချုပ်ဆိုခြင်းသည် ကျင့်ထုံးဥပဒေပုဒ်မ ၁၀၇ ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ကျင့်ထုံးဥပဒေပုဒ်မ ၁၁၂ အရ တရားရုံးက** ဆောင်ရွက်ရကြောင်းကို သိရှိနိုင်ကြစေရန်ဖြစ်သည်။ အမှုဖြစ်စဉ်မှာ ဦးသန်းဆိုသူသည် ရပ်ကွက်လူငယ်များကို ဆူပူစေရန်နှင့် ငြိမ်ဝပ်ပိပြားရေးထိခိုက်စေရန် ဥပဒေနှင့်ဆန့်ကျင်သောအပြုအမူများပြုလုပ်လိမ့်မည်ဟူ၍ ရန်ကုန်မြို့ ဗဟန်းရဲစခန်းမှ စခန်းမှူးနှင့် ရဲတပ်ကြပ်တို့က စွပ်စွဲချက်ပြုလုပ်သည်။ အမှုမှာ ၁၉၇၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ဦးသန်းသည် ဗဟန်းမြို့နယ်အတွင်း ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေရန်ပြုလုပ်လိမ့်မည်ဟူသော သတင်းကို ရဲတပ်ကြပ် ဦးသန်းလွင်က စုံစမ်းရရှိခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ဦးသန်း အပေါ်တွင် ဗဟန်းမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၀၇ အရ အရေးယူခဲ့သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးပုဒ်မ ၁၀၇ မှာ အများပြည်သူတို့ ငြိမ်သက်အေးချမ်းစွာနေထိုင်ခြင်းကို ဖျက်ဆီးစေရန်ပြုလုပ်သည်ဟု ယူဆသူအပေါ် ထိုသို့မပြုလုပ်နိုင်ရန်အတွက် ကာလအပိုင်းအခြားသတ်မှတ်၍ လုံလောက်သောအာမခံပြုလုပ်စေခြင်းဖြစ်သည်။

ဦးသန်းက ၎င်းအပေါ်တွင် ဗဟန်းမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၀၇ အရ ခံဝန်ချုပ်ရန် အရေးယူထားသောအမှုကို မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးသို့ လျှောက်ထားခဲ့သည်။ သို့သော် မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ပြစ်မှုဆိုင်ရာအထွေထွေမှုလျှောက်ထားခဲ့ခြင်းဖြစ်သည်။



### ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၀၇ အရ အရေးယူသောအမှုများတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၁၂ အရ ဆောင်ရွက်ရန်လိုအပ်ကြောင်း ဦးစွာစိစစ်ခဲ့သည်။ **ကျင့်ထုံးပုဒ်မ ၁၀၇ ဖြင့် အရေးယူသောအခါတွင် တရားရုံးသည် အမှုစတင်စစ်ဆေးခြင်းမပြုမီ ပဏာမအမိန့်အနေဖြင့် စွပ်စွဲခံရသူအားအဘယ်ကြောင့် တစ်နှစ်ထက်မပိုသော အချိန်ကာလအတွင်း သင့်တော်မည်ထင်သော ခံဝန်ချုပ်နှင့် မထားသင့်သည်ကို ထုချေရှင်းလင်းစေရန် ပြောကြားရမည်ဖြစ်သည်။ သို့မှသာလျှင် စွပ်စွဲခံရသူအနေဖြင့် မိမိအပေါ် မည်သည့်အကြောင်းကြောင့် အရေးယူထားကြောင်းသိရှိပြီး ခုခံချေပနိုင်မည်ဖြစ်သည်။ ဦးသန်းနှင့်ပတ်သက်၍ ကျင့်ထုံးပုဒ်မ ၁၁၂ အရ လိုအပ်ချက်များကို မူလရုံးက ဆောင်ရွက်ခဲ့ခြင်းမရှိသည်ကို ဗဟိုတရားရုံးက စိစစ်သုံးသပ်ဝေဖန်ခဲ့ပါသည်။**

လူတစ်ဦးတစ်ယောက်အပေါ်ပြစ်မှုကြောင်းအရ အရေးယူသောအခါ၌ လွတ်လပ်သောသက်သေထွက်ချက်များရှိရမည်။ ယခုအမှုတွင် ရဲတပ်ကြပ်နှင့် စခန်းမှူးတို့၏ထွက်ချက်များမှအပ သက်သေခံအထောက်အထားမရှိချေ။ သတင်းစုံစမ်းသိရှိသောရဲတပ်ကြပ်ကိုယ်တိုင်ကလည်း တစ်ဆင့်ကြားသတင်းမျှသာဖြစ်ကြောင်း ဝန်ခံချက်ရှိသည်။ ကျင့်ထုံးပုဒ်မ ၁၁၂ အရ လိုက်နာဆောင်ရွက်ရာမှာ အမှုတွင်အရေးကြီးသော လိုအပ်ချက်တစ်ရပ်ပင်ဖြစ်သည်။ **စွပ်စွဲခံရသူတစ်ဦးအား မည်သည့်ကိစ္စ မည်ကဲ့သို့ အရေးယူမည်ဖြစ်ကြောင်း ရှင်းလင်းသိစေမှသာလျှင် ထိုသူအနေဖြင့် ပြည့်ပြည့်ဝဝခုခံထုချေနိုင်ပေလိမ့်မည်ဟု အယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။**

လျှောက်ထားသူ ဦးသန်းအပေါ် အရေးယူထားခြင်းမှာ ဦးသန်းသည် ၁၉၇၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ရပ်ကွက်လူငယ်များကို ဆူပူစေရန်ပြုလုပ်လိမ့်မည်ဟူသောသတင်းအရဖြစ်သောကြောင့် ယခုအချိန်တွင် အဆိုပါနေ့ရက်ကို များစွာကျော်လွန်ခဲ့ပြီဖြစ်ကြောင်း အယူခံရုံးတော်က ထောက်ရှုဝေဖန်ခဲ့ပါသည်။ ထို့ကြောင့် ၎င်းသတင်းအပေါ်မူတည်၍ ဦးသန်းကို ဆက်လက်အရေးယူရန်အကြောင်းလည်းရှိတော့မည်မဟုတ်ချေ။ အထက်ပါအချက်အလက်များကို ခြုံငုံသုံးသပ်လျှင် ဦးသန်းအပေါ် အရေးယူလျက်ရှိသောအမှုကို ဆက်လက်ဆောင်ရွက်ရန်လိုအပ်မည်မဟုတ်သောကြောင့် ဗဟန်းမြို့နယ်တရားရုံး ပြစ်မှုသေးအမှတ်(၁၃၈/၇၄)အမှုကို ချေဖျက်၍ လျှောက်ထားသူ ဦးသန်းကို အမှုမှလွတ်ရန် အမိန့်ချမှတ်လိုက်ပါသည်။ **ဦးသန်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၉၇၆ ခုနှစ် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် (၆၆)** စီရင်ထုံးပါ စီရင်ဆုံးဖြတ်ချက်များဖြစ်ပါသည်။

အထက်ပါအမှုတွင် အရေးယူဆောင်ရွက်သည့်အမှုမှာ ကျင့်ထုံးဥပဒေပုဒ်မ ၁၀၇ ဖြစ်ပြီး လိုက်နာဆောင်ရွက်ရမည့်ပုဒ်မမှာ ကျင့်ထုံးဥပဒေပုဒ်မ ၁၁၂ ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ရာ ၎င်းပုဒ်မနှစ်ခု၏ ပြဋ္ဌာန်းချက်ကို ထုတ်နုတ်တင်ပြပါဦးမည်။ ပြဋ္ဌာန်းထားရခြင်း၏ရည်ရွယ်ချက်မှာ ပြစ်မှုများမဖြစ်ပွားစေရန် တားမြစ်ခြင်းဖြစ်သည်။ ပြစ်မှုအတွက်ပြစ်ဒဏ်ပေးရန်မဟုတ်ကြောင်း စီရင်ထုံးများက ညွှန်ပြထားပါသည်။

**ပုဒ်မ ၁၀၇ (၁)** မည်သည့်အချိန်အခါတွင်မဆို ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး သို့မဟုတ် ပထမတန်းရာဇဝတ်တရားသူကြီးက တစ်စုံတစ်ယောက်သောသူသည် ငြိမ်ဝပ်ပိပြားရေးကို ဖျက်ဆီးရန် သို့မဟုတ် အများပြည်သူတို့၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ရန်အလားအလာရှိနေကြောင်း သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးပျက်ပြားစေရန် သို့မဟုတ် အများပြည်သူတို့၏ အေးချမ်းသာယာမှုပျက်ပြားစေရန်အကြောင်းရှိသော မတော်မတရားမှုကိုပြုလုပ်ရန် အလားအလာရှိသောသတင်းရရှိလျှင် ၎င်းရာဇဝတ်တရားသူကြီးသည် မိမိသင့်သည်ထင်မြင်သည့် တစ်နှစ်ထက်မပိုသော ကာလအပိုင်းအခြားအတွင်း ထိုသူကို ငြိမ်ဝပ်စွာနေထိုင်စေရန် အာမခံသူနှင့်ဖြစ်စေ၊ အာမခံသူမပါဘဲနှင့်ဖြစ်စေ၊ မည်သည့်အကြောင်းကြောင့် **ခံဝန်ချုပ်ဆိုရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းပြထုချေစေရန် ပြဋ္ဌာန်းပါရှိသောနည်းဖြင့် ဆင့်ဆိုနိုင်သည်။** ဤပုဒ်မ၏ရည်ရွယ်ချက်မှာ ပြစ်မှုမဖြစ်ပွားအောင် ဟန့်တားရန်ဖြစ်သည်။ အပြစ်ပေးခြင်းမဟုတ်ပေ။

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၁၂၊** ပုဒ်မ ၁၀၇၊ ပုဒ်မ ၁၀၈၊ ပုဒ်မ ၁၀၉ သို့မဟုတ် ပုဒ်မ ၁၁၀ အရ အရေးယူဆောင်ရွက်သည့် ရာဇဝတ်တရားသူကြီးက အဆိုပါပုဒ်မအရ အကြောင်းပြထုချေစေရန် တစ်စုံတစ်ယောက်သောသူကို ဆင့်ဆိုရန်လိုအပ်ကြောင်းထင်မြင်သည့်အခါ **မိမိရရှိသည့်သတင်းအချက်အလက် အကျဉ်းချုပ်၊ ခံဝန်ချုပ်ဆိုရာတွင် ပါရှိရမည့် ငွေအရေအတွက်၊ ခံဝန်တည်ရမည့် စည်းကမ်းချက်၊ အာမခံသူများ (အကယ်၍ရှိလျှင်)၏ အရေအတွက် အကျင့်စာရိတ္တအဆင့်အတန်းကို ရေးသားဖော်ပြလျက် အမိန့်ထုတ်ဆင့်ရမည်။**

**ပုဒ်မ ၁၁၃ အဆိုပါအမိန့် ထုတ်ဆင့်ခြင်းခံရသူသည် ရုံးတော်တွင်ရောက်ရှိနေလျှင် ၎င်းအမိန့်စာကို ထိုသူကိုဖတ်ပြရမည်။ သို့မဟုတ် ထိုသူက လိုလားလျှင် အမိန့်စာပါအကြောင်းအရာများကို ထိုသူအား ရှင်းပြရမည်။**

အထက်ဖော်ပြပါ ဦးသန်း စီရင်ထုံးအရ မူလရုံးသည် ခံဝန်ချုပ်ဆိုခြင်းခံရမည့် ဦးသန်းကို ပြည့်ပြည့်ဝဝ ခုခံထုချေခွင့်မပြုခဲ့ခြင်းအပေါ် အထက်ပါကျင့်ထုံးဥပဒေပုဒ်မ ၁၁၂ နှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမပြုခဲ့ခြင်းအပေါ် ထောက်ရှုဝေဖန်လျက် ဥပဒေနှင့်အညီ ဗဟိုတရားရုံးက တည့်မတ်ပေးခဲ့သောအမှုဖြစ်သည်။ **ဥပဒေဟူသည် ညီညွတ်ရမည်။ မျှတရမည်။ အများလက်ခံကျင့်သုံးနိုင်ရမည်ဟူသော** ဆိုစကားနှင့်အညီ ပြဋ္ဌာန်းချက်များကို လိုက်နာကြရန်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## လျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် မြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

# အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၂၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၂၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ မြေပဲ ၁၂၈၂၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှု အနေနဲ့ကတော့ အောင်မြင် ဖြစ်ထွန်းလျက်ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဒိုက်ဦးမြို့နယ် ကမာဖရုံကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကမာဖရုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကမာဖရုံကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဂဝံလမ်းကို သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဒိုက်ဦးမြို့နယ် ကမာဖရုံကျေးရွာ၌ လမ်းအရှည် ပေ ၆၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းဂဝံမြေခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၀ ဒသမ ၁ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**





## အမည်ပြောင်း

ကချင်ပြည်နယ်၊ မံစီမြို့၊ မန်ဝိန်းကြီး၊ ရပ်ကွက်(၂)နေ (ဘ) ဦးချန်းဝေ(၁/မစန(နိုင်)၀၂၄၃၀၆)၏သား စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8 မှ မောင်ထက်မြတ်ဦးအား **မောင်ချိန်ရီးရိန်**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ချိန်ရီးရိန်**

## အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မတ္တရာမြို့၊ အမှတ်(၃)၊ အမက(မူလွန်)ကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော (ဘ) ဦးချမ်းငြိမ်းသူ(၉/မတရ(နိုင်)၁၂၀၅၁၂)၏သားများ မောင်နောင်ဘုန်းသူရိန်အား မောင်ရဲရဲရင့်ရောင်ဟုလည်းကောင်း၊ မောင်နိုင်ဘုန်းသူရိန်အား မောင်ရဲရဲသွေးရောင်ဟုလည်းကောင်း အမည်ပြောင်းလဲခေါ်ဆိုပါရန်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၃-၁၂-၂၀၁၆ ဖြစ်ပါကြောင်း။

**မောင်ရဲရဲရင့်ရောင် ၃-၁၂-၂၀၁၆၊ မောင်ရဲရဲသွေးရောင် ၃-၁၂-၂၀၁၆**

## အမည်ပြောင်း

ကချင်ပြည်နယ်၊ မံစီမြို့၊ မန်ဝိန်းကြီး၊ ရပ်ကွက်(၂)နေ (ဘ) ဦးချန်းဝေ(၁/မစန(နိုင်)၀၂၄၃၀၆)၏သမီး စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မရှင်းရှင်းအား **မကြည်ကြည်ဝင်း** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မကြည်ကြည်ဝင်း**

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ပန်ဖတ်ရွာနေ မောင်ကျော်ဝင်း (ဘ) ဦးမြင်ဖူ(၁၃/လရန(နိုင်)၂၁၉၉၀၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-454550512**

### ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်နေ ကိုကျော်စိန်းမောင် (ဘ) ဦးလှထွန်း(၉/မနတ(နိုင်)၀၇၂၆၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-259142403**

### ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်၊ လက်ဝဲရွာနေ မောင်ကျော်စိုးဝင်း (ဘ) ဦးကျော်ခိုင်(၉/နထက(နိုင်)၂၁၁၈၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-458318835**

## အိမ်မြင်ပဒ္ဒ ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

### စွယ်တော်မြတ်စေတီတော်(မန္တလေး)
### စေတီတော်ပိုင် စွန့်ပစ်သံထည်ပစ္စည်းဟောင်းများ ရောင်းချခြင်းလုပ်ငန်း တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ရှားတောလေးကျေးရွာအနီး၊ မဟာမမ္မရံသီးကုန်းတော်မြတ်၌ တည်ထားပူဇော်အပ်သော စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ စေတီတော်ပိုင် စွန့်ပစ်သံထည်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းဟောင်းများကို တင်ဒါစနစ်ဖြင့် ခေါ်ယူရောင်းချသွားမည်ဖြစ်ပါ၍ ဝယ်ယူလုပ်ငန်း တင်ဒါ လျှောက်ထားနိုင်ကြပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၂၀-၈-၂၀၂၆

(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့် နေ့ရက်/အချိန် - ၃၁-၈-၂၀၂၆ (၁၆:၃၀)

(ဂ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန် - ၂-၉-၂၀၂၆ (၁၆:၃၀)

(ဃ) တင်ဒါလျှောက်လွှာ တစ်စောင်နှုန်း - ကျပ်(၂၀၀၀၀/-)

၂။ တင်ဒါပုံစံဝယ်ယူခြင်းကို တင်သွင်းမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့်တကွ စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂေါပကအဖွဲ့ရုံးတွင် ဝယ်ယူ/တင်သွင်းရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၉-၇၉၇၅၅၅၅၅၆၊ ၀၉-၇၅၇၇၆၈၄၄၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**စွယ်တော်မြတ်စေတီတော်(မန္တလေး)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ခနဲ့ကျေးရွာနေ ဒေါ်နေကြည်စိုး၏သား မောင်အောင်သူဟိဏ်း(၇/ပခန(နိုင်)၅၄၁၃၃၉)သည် မိဘတို့၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကိုပြုလုပ်ခြင်း၊ မိဘများ စိတ်ဆင်းရဲစေသော ကိစ္စများအား အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းများ ကြောင့် ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ မိဘညီအစ်ကိုမောင်နှမများနှင့်လည်း လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်
ဒေါ်နေကြည်စိုး
(၁၃/လရန(နိုင်)၁၃၄၄၂၁)

## သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြု

နေပြည်တော် ဩဂုတ် ၁၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရမှ တာဝန်ရှိသူများနှင့် မော်စကိုမြို့ စစ်ဘက်ဆိုင်ရာအကြီးအကဲတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရှေ့ဆောင်စစ်သည်နှစ်ဦး ဦးဆောင်၍ လွမ်းသူ့ပန်းခွေအားသယ်ဆောင်ပြီး နိုင်ငံတော်သမ္မတက

စာမျက်နှာ ၁၉ ကော်လံ ၁ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုစဉ်။

## ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေး ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ

စာမျက်နှာ ၂၃ ကော်လံ ၁ ❑

## နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း

ဆောင်းပါး

စာမျက်နှာ - ၂၀

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းတည့် ၁၂ နာရီမှ စတင်ပြီး ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့ရုံတွင်

စာမျက်နှာ ၂၃ ကော်လံ ၁ ❍



## နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် ဩဂုတ် ၁၈

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊

စာမျက်နှာ ၂၇ ကော်လံ ၁ ■